www.burmeseclassic.com



www.burmeseclassic.com

**ဒို့အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊



ကန့်လေးရိုးက ဖွားလောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၂၆၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၈၄၁၀၁၀

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ - ပထမအကြိမ်

အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**

ဦးနေမျိုး၊ နေမျိုးစာပေ၊ ၁/သုမင်္ဂလာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**

ဦးမြင့်ဝေ(၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊ အမှတ်(၁၈၂)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**

**ရဲရင့်အောင်စာပေ**

အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃

ကန်လေးရိုးကဖွားလောက်ကြီး

တစ္ဆေခြောက်တဲ့ဟိုဘက်အိမ် / ကန်လေးရိုးကဖွားလောက်ကြီး။

- ရန်ကုန်

နေမျိုးစာပဒေသာစာပေ၊ ၂၀၁၀။

၁၂၀-စာ၊ ၁၃၀ × ၂၀၇ စင်တီ။

(၁) တစ္ဆေခြောက်တဲ့ဟိုဘက်အိမ်


## အခန်း (၁)

## အိပ်မက်တစ္ဆေမလေး

'တူ တူ တူ'

ညဥ့်က အတော်နက်နေပြီ။ အချိန်အားဖြင့် ညဆယ့်တစ်နာရီခန့် ရှိနေလောက်ပြီ ဖြစ်သည်။ ဝတီချိုတစ်ယောက် အိပ်မပျော်နိုင်သေးဘဲ စာဖတ် နေရာမှ ဟန်းဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို ... ဝတီပါ"

"ဝတီ ... ကိုယ်ပါ၊ ဝတီ့ကို အရမ်းသတိရလို့"

"ကိုရယ် ... ညကြီးအချိန်မတော် ဝတီအိပ်တော့မယ်ရှင့်"

ဝတီရဲ့ ခပ်နွဲ့နွဲ့ပြောလိုက်တဲ့အသံကို ကျေနပ်စွာနှင့်ပြုံးလိုက်ပြီး ...

"မအိပ်ပါနဲ့ဦး ဝတီရယ်၊ ကိုယ် ဝတီ့အသံ မကြားရရင် ဘယ်လို အိပ်လို့ရမှာမဟုတ်ဘူး"

"အပိုတွေ"

www.burmeseclassic.com



ဝတီ ဖုန်းကိုကိုင်ရင်း ထိုင်ရာမှထ၍ အခန်းထဲတွင် လမ်းလျှောက်ပြီး စကားပြောလိုက်၏။ သူသိပ်ချစ်ရတဲ့ ချစ်သူ "ကို" ရဲ့ အသံကိုလည်း ကြား ချင်နေတာလေ။

"ကိုယ်နဲ့ ဝတီ မတွေ့ရတာ အတော်ကြာပြီနော်၊ ကိုယ် ဝတီ့ကို အရမ်းတွေ့ချင်တာပဲ"

"ကို ပြောလေ . . . ဝတီ ကိုကို ဘယ်ကိုလာတွေ့ရမလဲ"

လင်းသက် ပြောသာပြောရသည် . . . သူ့အလုပ်က နားရတယ်မရှိ အချိန်တိုင်း အလုပ်များနေတာမို့ ချစ်သူကိုတွေ့ဖို့ သီးသန့် ဘယ်လိုမှ အချိန် ပေးနိုင်ခြင်းမရှိ။

နာမည်ကြီး အီလက်ထရောနစ်ကုမ္ပဏီကြီး၏ မန်နေဂျာတစ်ဦး ဖြစ်နေတာကလည်း သူ့အတွက် တာဝန်ပိုကြီးနေသလို ဖြစ်၏။

"ကို ပြောလေ . . . ဝတီ ကိုကို ဘယ်ကိုလာတွေ့ရမလဲလို့"

"အင်း . . . လောလောဆယ် ကိုယ်အလုပ်များနေသေးတယ်၊ အချိန် ရတော့ ပြောမယ်နော်"

"ပြောလိုက်ရင် အဲဒီလိုချည်းပဲ၊ ဒါပဲနော် . . . အလုပ်ဘယ်လောက် များများ ဝတီ့ကို မမေ့သွားရဘူး"

"ဟုတ်ကဲ့ပါ . . . ဒါပဲနော် ဝတီ"

"အင်း"

ဖုန်းကို ပြန်ပိတ်လိုက်ပြီး ခုတင်ပေါ်၌ ပစ်လှဲလိုက်သည်။ တကယ် တမ်းစဉ်းစားလိုက်လျှင် မပြည့်စုံတဲ့ "ကို" အတွက် ဝတီသနားမိတာ အမှန် ပင် ဖြစ်သည်။

တက္ကသိုလ်ရောက်တော့ ဝတီ "ကို" ဆိုတဲ့လင်းသက်နှင့် ဆုံခဲ့သည်။ လင်းသက်က ဝတီထက် အတန်းတစ်တန်း ပိုကြီးပေမယ့် မေဂျာတူချင်းမို့ ရင်းနှီးရာက ချစ်ကြိုက်ခဲ့သည်။

ဝတီတို့က မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသူများဖြစ်တာမို့ လင်း သက်နှင့် ချစ်ကြိုက်နေမှုကို သဘောမကျ။ ထို့ကြောင့်လည်း ချမ်းသာကြွယ်ဝ

ရဲရင့်အောင်စာပေ



သည့် သူဌေးသမီးကို လက်ထပ်နိုင်ဖို့အတွက် လင်းသက် အလုပ်ကိုကြိုးစား၍ ငွေစုသည်။

ဝတီကတော့ ကျောင်းပြီးသွားသည့်တိုင် ဘာအလုပ်မှမလုပ်ဘဲ ဖဲ့ သင်တန်းတက်၊ ဒီဇိုင်းတန်းတက်နှင့် နေနေသည်။ ဝတီ့မိဘတွေကတော့ ဝတီ့ကို အိမ်ထောင်ချပေးဖို့အတွက် မိုးကောင်းဘက်က ကျောက်သူဌေးတင် ယောက်နှင့် သဘောတူသော်လည်း ဝတီက ပြင်းပြင်းထန်ထန် ကန့်ကွက် လျက်ရှိသည်။ ကျောက်သူဌေး အောင်မြိုင်ဆိုသူမှာ လွန်စွာရုပ်ဆိုးလှသလို အသားအရေမှာ ကုလားတစ်ယောက်ကဲ့သို့ မည်းတူးနေ၏။ အစဉ်သဖြင့် ခေါင်းတုံးတုံးထားပြီး ခေါ်နေသောသွားများကြောင့် နှုတ်ခမ်းမှာ အထက်သို့ လန်နေသည်။

အတ္တနှင့်မာန်မာန အလွန်ကြီးသော ဝတီ့မိဘများက သူတို့ရဲ့ကြွယ် ဝမှုကို ထပ်တိုးစေဖို့ အောင်မြိုင်နှင့်သဘောတူနေတာလည်း ဖြစ်သည်။

ဝတီ အိပ်ရာပေါ်လှိမ့်ရင်း အိပ်မပျော်သဖြင့် ဟိုတွေးဒီတွေး လုပ်နေ လိုက်သည်။

ညဉ့်ကလည်း တဖြည်းဖြည်းနက်လာသဖြင့် အအေးဓာတ်ကလည်း ပိုလို့လာသည်။

ထိုစဉ် . . .

'တူ တူ တူ'

ဖုန်းသံက ထပ်မြည်လာပြန်သည်။ ခုံပေါ်ကဖုန်းကို လက်နှင့် လှမ်း ယူလိုက်သည်။ "ကို" ဆက်ပြန်ပြီလားဆိုသည့် အတွေးနှင့် ဖုန်းကို နားထောင် လိုက်၏။

"ဟဲလို"

"အစ်ကိုကြီးပါ . . . အောင်မြိုင်လေ"

"ရှင်"

"ဝတီလေးကို အရမ်းသတိရလို့ . . . အစ်ကိုကြီး ဝတီ့ဆီကို လာနေ ပြီ"

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြိုင့်စကားကြောင့် ဝတီ လန့်လို့သွားသည်။ ည အချိန်မတော် အိမ်ကို ဘာလာလုပ်မှန်း မသိ။

"ဟိုလေ . . . ဖေဖေနဲ့ မေမေက အိပ်နေကြပြီ"

"ကိစ္စမရှိဘူး . . . ဝတီလေးနဲ့ စကားပြောမှာပဲ"

"ဝတီလည်း အိပ်နေတာ၊ မလာနဲ့တော့နော် . . . မနက်မှ လာ"

"မရဘူး . . . အစ်ကိုကြီးက ဝတီ့မျက်နှာလေးကို တဝကြီး ကြည့်ချင်နေတာ"

အောင်မြိုင့်ပုံက မူးနေပုံလည်းရသည်။ ဆက်ပြောလည်း ဘာမှ ထူးလာမှာမဟုတ်တာကြောင့် ဖုန်းကိုပိတ်လိုက်ပြီး စိတ်ပျက်စွာနှင့် ခုတင်ပေါ်မှာ ငြိမ်ငြိမ်လေးနေလိုက်သည်။ သိပ်မကြာလိုက် . . .

'တီ တီ တီ'

အဆက်မပြတ်တီးနေသော ကားဟွန်းသံကြောင့် စိတ်ညစ်ညစ်နှင့် အိပ်ရာကထ၍ အခန်းအပြင်ဘက် ဝရန်တာမှတစ်ဆင့် ခြံအပြင်တံခါးဝသို့ ကြည့်လိုက်ရာ အနက်ရောင် မာစီဒီးကား၏ ဘောနက်ဖုံးတွင် ထိုင်၍လက်ပြနေသော အောင်မြိုင်ကို တွေ့လိုက်ရသည်။

'တူ တူ တူ'

ဝတီ့လက်ထဲ ယောင်၍ပါလာသော ဖုန်းက အသံထမြည်လာပြန်သည်။ အောင်မြိုင် ဖုန်းကိုနှိပ်နေသည်ကိုလည်း လှမ်းတွေ့လိုက်သည်။

"ဟင်း . . . အရမ်းစိတ်ညစ်ဖို့ကောင်းတယ်"

ညည်းညည်းညူညူနှင့် သူ့ဖုန်းကို နားထောင်လိုက်၏။

"ပြော . . . ဘာပြောမှာလဲ"

"ကျေးဇူးပဲ ဝတီလေး၊ အခုလို လသာတဲ့ညလေးမှာ ဝတီလေးကို တွေ့ရတာ အိပ်မက်ထဲက တစ္ဆေမလေးကို တွေ့လိုက်ရသလိုပဲ၊ အရမ်းလှတာပဲကွာ၊ တကယ်ပါကွာ . . . အစ်ကိုကြီးနှလုံးသားက ဝတီလေးကို အရမ်းစွဲလမ်းသွားပြီ"

"ရှင် ပြန်တော့ . . . မိုးတအားချုပ်နေပြီ"





"အစ်ကိုကြီးကို စိတ်ပူတာလား။ အစ်ကိုကြီးက ဝတီလေးမျက်နှာကို မြင်ရရင် အားလုံးပြည့်စုံနေပါပြီ"

ဝတီ အခုမှ ခက်နေသည်။ အိမ်ထဲပြန်ဝင်လျှင် ကားဟွန်းကို အဆက်မပြတ် တီးတော့မည်။ ပတ်ဝန်းကျင်နှင့်ဆိုတော့ သိက္ခာကျတော့မည်လေ၊

ထို့ကြောင့် အောင်မြိုင်ကို ချော့ပြီး . . .

"အခုတော့ ပြန်တော့နော် . . . နောက်နေ့မှ စောစောလာခဲ့၊ ဝတီ အိပ်ချင်နေပြီ"

"ဟာ . . . ဟုတ်သားပဲ၊ ဆောရီး ဆောရီး . . . အစ်ကိုကြီး လုံးဝမေ့သွားတယ်၊ ဝတီလေး အိပ်ရေးပျက်ပြီး ခေါင်းကိုက်နေဦးမယ် . . . အိပ်တော့"

"ရှင်လည်း ပြန်တော့လေ၊ ရှင်ရှိနေရင် နောက်ဆံတင်းပြီး ဘယ်လို အိပ်မလဲ"

ဘာပဲဖြစ်ဖြစ် ဒီလူကြီးပြန်သွားဖို့က အရေးကြီးသည်လေ။ စိတ်ထဲ မပါပေမယ့် ပြန်သွားဖို့က အရေးကြီးသည်။

"ဟုတ်ပြီ . . . အစ်ကိုကြီး ပြန်ပြီ အိပ်မက်တစ္ဆေမလေးရေ"

ပြော၍ ဖုန်းကိုပိတ်လိုက်ပြီး ကားထဲဝင်၍ မောင်းထွက်သွားတော့သည်။

ဝတီလည်း ယောင်ရမ်း၍ အောင်မြိုင်ကို လက်ပြလိုက်၏။ အခုမှ သူလည်း သူ့ကိုယ်သူ သတိထားမိသည်။ ဆံပင်ရှည်ဖားလျားနှင့် ညအိပ်ဝတ်ရုံ အကျီအဖြူပါးပါးက ညအမှောင် လရောင်အောက်တွင် လွင့်လို့နေ၏။

ဝင်းဝါနေသော အသားအရေ၊ အချိုးကျလှပနေသည့် ခန္ဓာကိုယ်နှင့် မျက်နှာပေါက်က အနောက်တိုင်းဆန်စွာလှပသည့် သူ့ကို အောင်မြိုင်က . . .

"အိပ်မက်တစ္ဆေမလေး" တဲ့။

ထိုစကားကို ကျေနပ်သလိုလို ဖြစ်မိတာတော့ အမှန်ပင် ဖြစ်သည်။ မြန်မာမိဘနှစ်ပါးက မွေးဖွားလာသော်လည်း ရုပ်ရည်က ဗိုလ်ဆန်နေ တာက သူ့ရဲ့ ထူးခြားမှုတစ်ရပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တက်စဉ်ကလည်း ကျောင်းတွင် အလှဆုံးကျောင်းသူစာရင်း ဝင်ခဲ့သလို သူတို့နေသည့် လှူကုံထံအသိုင်းအဝိုင်းရပ်ကွက်ထဲတွင် ဝတီ့အလှက မျက်နှာမငယ်ရေး။

ဒါကြောင့်လည်း ယောက်ျားလေး အတော်များများ စိတ်ဝင်စားတာ မဆန်းဘူးလေ။ ဝတီကတော့ လင်းသက်ကလွဲ၍ ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားပါ။ အရာရာ ဖွံ့ကြီးသော၊ တည်ကြည်ခံ့ညား ယောက်ျားပီသလှသည့် လင်းသက်သာ သူ့နှလုံးသားရဲ့ အရှင်သခင်ပါလေ။

ဘယ်လိုအတားအဆီးတွေရှိရှိ လင်းသက်နှင့် ဘဝတစ်ခု တည်ဆောက်ဖို့ ရည်ရွယ်ထားသူလည်း ဖြစ်လေသည်။

❖ ❖ ❖



## အခန်း ( ၂ )

## လက်မထပ်ချင်သူ

လင်းသက် အလုပ်ကိစ္စတစ်ခုဖြင့် မန္တလေးသို့ ခရီးသွားနေသဖြင့် ဝတီရှိုတစ်ယောက် အရမ်းကို သတိရနေဘည်။ မိဘများကလည်း ဒီရက်ပိုင်း အောင်မြိုင်နှင့်လက်ထပ်ဖို့ကို အတင်းတိုက်တွန်းလို့ နေ၏။

''မောင်အောင်မြိုင်က ရုပ်ဆိုးတာကလွဲလို့ စီးပွားရေးရော, ကြွယ်ဝချမ်းသာမှုရော ဘာမှအပြစ်ပြောစရာ မရှိဘူး''

မေမေက ဝတီ့အခန်းထဲသို့ လာကာ ခုတင်ပေါ်တွင် လှဲ၍စာဖတ်နေသော ဝတီ့ကို နားချသည်။ ဝတီက မိဘ၏ဆန္ဒကို မလိုက်လျောနိုင်ပေမယ့် အတင်းအကျပ်တော့ မငြင်း။

ငြင်းလိုက်လျှင် အောင်မြိုင်နှင့်လက်ထပ်ဖို့ကို ဖွတ်စီစဉ်မှာ ကြောက်၍လည်း ဖြစ်သည်။

''မောင်အောင်မြိုင်ရဲ့မိဘတွေတောင် အခုရက်ပိုင်း ရန်ကုန်ဆင်းလာ

www.burmeseclassic.com



မယ်လို့ ကြားတယ်''

''ရှင် . . . ဘာလုပ်မလို့လဲ''

''ဩော် . . . အရောင်းအဝယ်ကိစ္စ တစ်ခုနဲ့ပါ၊ ရန်ကုန်ရောက်တုန်း သူ့သားကိစ္စ အပြီးလုပ်သွားချင်ပုံရတယ်''

''ဟာ . . . အဲဒါတော့ မဖြစ်ဘူး''

ဝတီ အတင်းငြင်းလိုက်သည်။ မေမေက တင်းမာသည့်မျက်နှာ ချက်ချင်းပြောင်းသွားပြီး . . .

''ဘာလဲ . . . ညည်းက ဟိုကောင့်ကို သံယောဇဉ်တော်တော်ရှိနေတယ်ပေါ့''

''ဝတီမှ လက်မထပ်ချင်သေးတာ''

''လက်မထပ်သေးရင် စေ့စပ်ပွဲလောက်တော့ လုပ်၊ ဒါမှ မောင်အောင်မြိုင်ရော သူ့မိဘတွေပါ ကျေနပ်သွားမှာလေ''

ဝတီ ချောင်ပိတ်မိနေသည်။ လင်းသက်ကို မေမေတို့က ဘယ်လိုမှ လက်မခံ။ သူတို့သမီးကို ကုမ္ပဏီဝန်ထမ်းတစ်ဦးနှင့် ဘယ်လိုမှ သဘောမတူ။

''မေမေရယ် ဝတီ့ဘက်ကိုလည်း နည်းနည်းလောက် တွေးပေးပါ၊ ဝတီ စိတ်ဆန္ဒမပါဘဲ မေမေတို့ ဘာမှမလုပ်စေချင်ဘူး''

''မေမေတို့က ကိုယ့်သမီးလေး စိတ်ချမ်းသာဖို့, ကောင်းစားဖို့ စီစဉ်မှာလေ၊ မောင်အောင်မြိုင်က သမီးကို ဘယ်လောက်ချစ်လဲ၊ ပြီးတော့ သူတို့ချမ်းသာမှုက မနည်းမနောဘဲ''

ဝတီ စိတ်ရှုပ်ထွေးစွာနှင့် ခေါင်းကိုယမ်းလိုက်သည်။ သူ့မေမေရဲ့ မဖြစ်,ဖြစ်အောင် လုပ်တတ်သည့်အကျင့်ကို သိတာမို့လည်း စိတ်ထဲ၌ စိုးရိမ်လို့သွားသည်။

မေမေက ဝတီရဲ့ အရိပ်အခြည်ကို ကြည့်ပြီး . . .

''ဒါပဲနော် . . . ညည်းဘက်က ပြင်ဆင်ထား။ မောင်အောင်မြိုင့်မိဘတွေလာရင် လက်ထပ်ဖို့ကိစ္စ အမြန်ဆုံးလုပ်မယ် . . . ဒါပဲ''

ပြော၍ အခန်းထဲမှ ထွက်သွားတော့သည်။ ဝတီလည်း ခေါင်းအုံး





ဘေးက ဟန်းဖုန်းကို ကောက်ကိုင်လိုက်ပြီး လင်းသက်ဆီသို့ ဖုန်းနံပါတ်း
ခေါ်လိုက်သည်။

သို့သော် ဖုန်းက ခေါ်လို့မရ။ အကြိမ်ကြိမ် နှိပ်၍ခေါ်သော်လည်း
လိုင်းမမိတာကြောင့် လက်လျှော့ပြီး ပြန်ချထားလိုက်သည်။

''ငါ သေသာသေလိုက်ချင်တယ်၊ ဒီသရဲလိုလူကို ငါ ဘယ်လို
လက်ထပ်မလဲ . . . စိတ်ညစ်လိုက်တာ''

ညည်းညည်းညူညူ ဘယ်လိုလုပ်ရင်ကောင်းမလဲဟု တွေးမိကာ
အကြံထုတ်လိုက်သည်။

''ဟာ . . . ဟုတ်ပြီ၊ ချယ်ရီ့ဆီ ဖုန်းဆက်ပြီး တိုင်ပင်လိုက်မယ်၊ :
တစ်ယောက်တည်း စဉ်းစားတာထက်စာရင် ချယ်ရီပါ ဝိုင်းစဉ်းစားရင် ကော :
တာပေါ့ . . . ဟုတ်ပြီ''

ဖုန်းကိုကိုင်၍ ချယ်ရီ့ဆီသို့ ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်ငါ
ဖုန်းက ချက်ချင်းပင် ဝင်သွားသည်။

''ဟယ်လို မိချယ်''

''ဝတီ ပြော . . . နင် ဘာလုပ်နေလဲ''

''အိမ်မှာပဲဟ . . . နင့်ကို အရေးကြီးကိစ္စ ပြောစရာရှိလို့''

''ပြောလေ . . . ငါလည်း အိမ်မှာပျင်းနေတာနဲ့ အတော်ပဲ''

ဝတီ သူ့မေမေနှင့်သူ ပြောတဲ့အကြောင်းတွေကို ချယ်ရီ့ကို အ
အဆုံး ပြောပြလိုက်သည်။

''ဟာ . . . ဒါဆို နင် သရဲနဲ့ လက်ထပ်ရမှာပေါ့''

''အေးဟာ . . . အဲဒီကိစ္စ ငါ့ကို အကြံဉာဏ်လေး ပေးပါဦး :
ဒုက္ခရောက်တော့မယ်''

ချယ်ရီ့ဆီက ဘာအသံမှ ချက်ချင်းပြန်မကြားရ၊ စဉ်းစားနေ
လည်း ဖြစ်မည်။

''ဟဲ့ မိချယ် . . . ဘာလုပ်နေတာလဲ . . . ပြောလေ''

''ငါ စဉ်းစားနေတာ၊ ဒီလိုလုပ်ဟာ . . . ဟိုသရဲနဲ့ကိစ္စကို အောင် :



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကိုလင်းသက် ပြန်လာတဲ့အထိ မျှော်ထားလိုက်၊ လာတော့မှ အမြန်ဆုံး လက်ထပ်ဖို့ကိစ္စ လုပ်ပေါ့''

''ကို့က ငါ့ကို ချက်ချင်းကြီး လက်မထပ်ချင်ဘူး။ သူ့မှာ မပြည့်စုံသေးဘဲ လက်ထပ်ရင် ငါဒုက္ခရောက်မှာ စိုးတယ်တဲ့''

''ဟာ ... သူပြည့်စုံမှ လက်ထပ်ရင် နင် သရဲနဲ့ညားနေမှာ ကြာပြီ၊ သေချာပြောပြပေါ့ ... အရေးအကြီးဆုံးအချိန် ရောက်နေပြီလို့''

''အေးလေ ... နင်ပြောသလိုပဲ ကောင်းပါတယ်''

ဝတီ ဖုန်းကိုပိတ်လိုက်ပြီး အိပ်ရာပေါ်ပြန်လှဲကာ စဉ်းစားလိုက်သည်။ သူ့ကိုသိပ်ချစ်တဲ့ လင်းသက်ရဲ့အချစ်တွေကို သူယုံသည်။

ဝတီ့မိဘတွေနှင့် အတတ်နိုင်ဆုံး ပြေလည်အောင်ညှိဖို့ လင်းသက်ဘက်က ကြိုးစားသော်လည်း မာန်မာနထောင်လွှားလှသည့် ဝတီ့မိဘတွေက လက်မခံ။

မှုဆိုးမဒေါ်သား ဉစ္စာခနမဲ့တဲ့ လင်းသက်ကို ပစ်ပစ်ခါခါ ငြင်းကြသည်။

လင်းသက်က ဝတီ ချို့တဲ့စွာနေရမှာကို အလွန်စိတ်ပူရှာသော်လည်း ဝတီ့ကို စွန့်လွှတ်ဖို့ထိတော့ သူ့မှာ သတ္တိမရှိပေ။

''မမလေး ... မေမေကြီးက ခေါ်ခိုင်းလိုက်လို့''

''အေး အေး ... လာခဲ့မယ်လို့ ပြောလိုက်''

အတွေးလွန်နေစဉ် အိမ်ဖော်မလေး မိထွေးက အခန်းဝမှ လာခေါ်တာကြောင့် အိပ်ရာမှထကာ အောက်ထပ်ဧည့်ခန်းသို့ ဆင်းလာခဲ့သည်။

ဧည့်ခန်းတွင် သူ မတွေ့ချင်ဆုံးဖြစ်သည့် အောင်မြိုင်က မေမေနှင့် ထိုင်စကားပြောနေသည်။

သူ ဧည့်ခန်းထဲဝင်လာတာကို အောင်မြိုင်မြင်တော့ ...

''ဝတီလေးကတော့ အမြဲလန်းဆန်းနေတာပဲ၊ ဘယ်အချိန်ကြည့်ကြည့် အလှမပျက်ဘူး''

''ကျေးဇူးတင်ပါတယ်''

''ဟာ ... ကျေးဇူးတွေ ဘာတွေ မပြောနဲ့လေ၊ အစ်ကိုကြီးတို့က





မကြာခင် ...''

''ဩော် ... ရှင် ဘာနဲ့လာတာလဲ၊ အိမ်ထဲဝင်လာတဲ့ ကားသံလည်း မကြားရဘူး''

အောင်မြိုင်ရဲ့စကား ရှေ့မဆက်စေရန် ဝတီက စကားလမ်းကြောင်းကို ပြောင်း၍ မေးလိုက်သည်။

''အစ်ကိုကြီးကားက စက်သံက ညက်ညက်လေး၊ ဈေးကလည်း တအားပေးရတယ်လေ၊ ဒါကြောင့် ဝတီလေး မကြားတာပါ''

''မောင်အောင်မြိုင်ရေ ... ဝတီက သူတွေးချင်ရာ တွေးနေတာ၊ ဘာကိုမှ အလေးအနက်ရှိတာ မဟုတ်ဘူး''

မေမေက စကားကို ဝင်ရောက်ဖာထေးကာ ပြောသည်။ အောင်မြိုင်ကလည်း ...

''ကိစ္စမရှိပါဘူး ... ဝတီက ကလေးပဲရှိသေးတာ၊ နောက်ဆို ဝတီလိုတာကို ကျွန်တော် ဆုံးမပါ့မယ်''

စကားကို တင်တင်စီးစီးနှင့်ပြောရာ ဝတီ့မေမေ ဒေါ်ခင်ခင်ကြီးက သဘောကျပေမယ့် ဝတီက မဲ့ပြုံးပြုံးလိုက်သည်။

''ဒါနဲ့ မောင်အောင်မြိုင်တို့မိဘတွေ ရန်ကုန်ရောက်ရင် အန်တီတို့တိုက်မှာပဲ တည်းပါလား''

''ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်တော် အခုနေတဲ့ အင်းလျားလမ်းက တိုက်က ကျွန်တော့်မိသားစုတွေ ရန်ကုန်လာရင် တည်းဖို့ဝယ်ထားတာပါ''

အောင်မြိုင်က ခပ်ကြွားကြွားပြောတော့ ဒေါ်ခင်ခင်ကြီးက ...

''ဝတီနဲ့ လက်ထပ်ပြီးရင် အဲဒီတိုက်မှာ နေမှာပဲလား''

''နိုး နိုး ... လုံးဝ လူမနေရသေးတဲ့ ကမ္ဘာအေးဘုရားလမ်းပေါ်က တိုက်မှာ နေမှာ၊ ဆောက်ပြီးတာလည်း မကြာသေးဘူး''

''ကောင်းပါတယ်ကွယ် ... အန်တီတို့လည်း သွားရလာရ လွယ်တာပေါ့''

မေမေနှင့်အောင်မြိုင်တို့ ပြောနေတဲ့စကားကို ဝတီ လုံးဝ စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စား။ ဖြစ်နိုင်ရင် ဒီညှော်ခန်းထဲက အမြန်ဆုံး ထွက်သွားချင်သည်။

မေမေကလည်း လိမ္မာပါးနပ်စွာနှင့် ဝတီ့ရိုပ်ခွင့်ကို အောင်မြိုင်ဆီက တီးတောက်ကြည့်သလို အောင်မြိုင်ကလည်း အကြွားသန်သူမို့ သူတို့နှစ်ယောက် ပြောမကုန်ဖြစ်နေသည်။

"မေမေ ... ဝတီ ခေါင်းတွေအုံနေလို့ ခဏသွားလှဲလိုက်ဦးမယ်"

မေမေ မျက်နှာပျက်သွားပေမယ့် အောင်မြိုင်က ...

"ဆရာဝန်နဲ့ပြမလား ဝတီလေး ... အစ်ကိုကြီး ဖုန်းဆက်ခေါ်လိုက်မယ်"

"ရတယ် ... ဖြစ်နေကျပါ၊ မေမေနဲ့ စကားပြောကျန်ခဲ့ ... သွားပြီ"

ပြော၍ ညှော်ခန်းထဲမှ ခပ်သုတ်သုတ် ဝတီ ထွက်လာခဲ့လေတော့သည်။

❖ ❖ ❖



## အခန်း ( ၃ )

## ညာစားတဲ့ည

"အခြေအနေက မကောင်းဘူး ကို၊ အခုတစ်ရက်၊ နှစ်ရက် အောင်မြိုင့်မိဘတွေ ရန်ကုန်ရောက်လာကြတော့မယ်၊ မေမေနဲ့ အောင်မြိုင်ကလည်း အသေးစိတ် ကျိတ်ကြံနေကြတယ်"

"ကို ဘယ်လိုလုပ်မလဲ ... ဝတီ ဒုက္ခရောက်မှာလည်း စိုးတယ်"

လင်းသက်ရဲ့အသံက တိမ်ဝင်လို့သွားသည်။ ဝတီက အားမလို အားမရဖြစ်ကာ ...

"ဘာလဲ ... "ကို"က ဝတီ့ကို စွန့်လွှတ်နိုင်တယ်ပေါ့၊ လူကြီးကောင်းအောင် ပြောနေတာမဟုတ်လား"

"မဟုတ်ဘူး ဝတီ ... ကို အဲဒီလိုပြောတာ မဟုတ်ဘူး"

"မဟုတ်ရင်လည်း ဒီရက်ပိုင်း အပြီးစီစဉ်လိုက်"

"ဟုတ်ပြီလေ ... ကို အကောင်းဆုံးဖြစ်အောင် စီစဉ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝတီ ကျေနပ်စွာနှင့် လင်းသက်ရင်ခွင်ထဲ ခေါင်းကိုထည့်ကာ နေလိုက်သည်။ ချစ်သူနှင့်တွေ့ဖို့ ရှားပါးလှသည့်အချိန်လေးတွေကို တစ်ဦးနှင့်တစ်ဦး ပီတိပေါင်းမြောက်မြားစွာနှင့် ရှိနေသည်။

“ပုလဲဘက်မှာ ကိုသူငယ်ချင်းတစ်ယောက်ရဲ့ခြံ ရှိတယ်၊ သူငယ်ချင်းကလည်း နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာ . . .၊ ခြံကလည်း အကျယ်ကြီး၊ တိုက်အိမ်လည်းဆောက်ထားတော့ နေရထိုင်ရတာ အဆင်ပြေမှာပေါ့”

“ဟို . . . ဟိုလေ . . . ခြံအကျယ်ကြီးဆိုတော့ ကြောက်စရာကောင်းမှာပေါ့နော်၊ နေ့လယ်ဘက် ‘‘ကို’’ အလုပ်သွားရင် ဝတီတစ်ယောက်တည်းကျန်ခဲ့ရမှာ”

ဝတီက မျက်နှာငယ်လေးနှင့်ပြောတော့ လင်းသက်က . . .

“ခြံထဲက တိုက်က ခေါင်းရင်းခြံနဲ့ ကပ်လျက်ဆောက်ထားတယ်၊ ခေါင်းရင်းခြံထဲက အိမ်ကို လှမ်းမြင်နေရတယ်လေ၊ နောက်ပိုင်းဆို အဲဒီအိမ်က လူတွေနဲ့ ဝတီ အဖော်ဖြစ်သွားမှာပေါ့”

“အင်းလေ . . . အဆင်ပြေသလို နေရမှာပေါ့”

ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူနှင့်ပေါင်းစည်းဖို့အတွက် အရာရာကို ရင်ဆိုင်မည်ဟု ဝတီ တွေးထားလိုက်လေသည်။ ဝတီ လင်းသက်နှင့်တွေ့ပြီး အိမ်ပြန်ရောက်တော့ မေမေက . . .

“သမီးရေ . . . မောင်အောင်မြင့်မိဘတွေက အခုတစ်ခေါက် ရန်ကုန်မှာ အချိန်သိပ်မရလို့ စေ့စပ်ပွဲလောက်ပဲ လုပ်သွားချင်တယ်တဲ့၊ နောက်မှ အေးအေးဆေးဆေး မင်္ဂလာပွဲလုပ်မယ်တဲ့၊ မင်္ဂလာပွဲကို ရန်ကုန်မှာရော သူတို့ဆီမှာပါ လုပ်မယ်လို့ ပြောနေတော့တာပဲ”

“အင်း”

ဝတီ ခေါင်းပဲညိတ်လိုက်သည်။ အတင်းငြင်းလိုက်ရင် လင်းသက်နှင့် စီစဉ်ထားတာ အကုန်လုံး ပျက်သွားနိုင်သည်လေ။

“အဝတ်အစားချုပ်ဖို့ နေ့လယ်ကျရင် စက်ချုပ်တဲ့ဆိုင်က လူတွေ လာလိမ့်မယ်”

ခုံရင့်အောင်စာပေ



“ဟုတ်ကဲ့”

“မောင်အောင်မြင့်က လိုအပ်တာစီစဉ်ဖို့ ဘဏ်မှာ ငွေစာရင်းဖွင့်ပေးထားတယ်၊ ကြိုက်သလောက်သာသုံးတဲ့”

“အင်း”

“ဟဲ့ . . . ဘာဖြစ်နေတာလဲ၊ အခုအချိန်က မိန်းကလေးတစ်ယောက်အတွက် အရေးအကြီးဆုံးအချိန်လေ၊ ညည်းကြည့်ရတာ စိတ်မပါသလိုနဲ့”

“ဘာမှမဖြစ်ပါဘူး . . . မေမေ ကောင်းသလိုသာ စီစဉ်ပါ”

ပြော၍ အပေါ်ထပ်အိပ်ခန်းသို့ တက်လာ၍ အခန်းထဲတွင် နေလိုက်သည်။

နေ့လယ်ပိုင်းတွင် စက်ချုပ်သမားများ၊ အလုပ်ပြင်သူများ လာရောက်၍ ပြောကြဆိုကြနှင့် ဝတီ စိတ်ကိုညစ်လို့နေ၏။

“အင်း . . . တစ်ခုခုသာ လွဲချော်သွားရင် ငါတော့ ဒုက္ခပဲ၊ မေမေက အစစအရာရာ အကုန်ကွက်တိ စီစဉ်တတ်တာနဲ့တော့ ခက်ပါတယ်”

ဝတီ စိတ်ညစ်စွာ ညည်းညူလိုက်ပြီး အောင်မြင့်နှင့်သာ လက်ထပ်ရလျှင် သူ့ဘဝတစ်ဘဝလုံးအတွက် မတွေးရဲတော့။

ညရောက်တော့ အောင်မြင့်ရောက်လာပြီး . . .

“ဝတီလေး . . . အစ်ကိုကြီးတို့ အပြင်မှာ တစ်ခုခုသွားစားရအောင်”

“ဝတီ ဘာမှမစားချင်ဘူး၊ ရင်ထဲ သိပ်မကောင်းလို့ . . . နောက်မှပဲ”

“ဘယ်ဟုတ်မလဲ သမီးရယ် . . . မကြာခင် စေ့စပ်တော့မယ်၊ အကြင်လင်မယားဖြစ်ဖို့လည်း သိပ်ဝေးတော့တာမှ မဟုတ်တာ၊ တစ်ယောက်အကြောင်း တစ်ယောက်သိအောင် လိုက်သွားလိုက်ပါ”

မေမေကလည်း အတင်းထည့်နေတာမို့ ဝတီ ဆက်ငြင်းဖို့ ခက်နေသည်။ အောင်မြင့်က . . .

“လာပါ . . . အစ်ကိုကြီးတို့ ဆီဒိုးနားမှာ ညစာစားကြတာပေါ့၊ ဝတီလေး ကြိုက်တဲ့အစားအစာတွေသာပြော . . . အစ်ကိုကြီး ဖုန်းနဲ့လှမ်းပြောထားလိုက်မယ်”

ခုံရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

အစစအရာရာ သတိထားရမယ့်အချိန်မို့ အောင်မြိုင်နှင့် ညစာစားရန် လိုက်သွားဖို့ကို သဘောတူလိုက်၏။ ဝတီ ထိုင်ခုံမှထ၍ အောင်မြိုင်နှင့်လိုက်ဖို့ ပြင်လိုက်တော့ မေမေက ...

"ဟဲ့ ... အဝတ်အစားလဲသွားလေ"

"မလဲချင်တော့ပါဘူး ... ဒီအတိုင်းလည်း ဖြစ်တယ်မဟုတ်လား"

မေမေ့ကိုပြောပြီး အောင်မြိုင့်ဘက် လှည့်မေးလိုက်ရာ ...

"ဖြစ်တယ် ... ဝတီလေး ဘာဝတ်ဝတ် အစ်ကိုကြီးမျက်လုံးထဲမှာ လှပြီးသားပါ ... ရပါတယ်"

"ရှင်လည်း မြန်မြန်ရော၊ သိပ်မိုးချုပ်အောင် မနေဘူးနော်"

"အိုကေ ... ဝတီလေးပြန်ချင်တဲ့အချိန် အစ်ကိုကြီး ပြန်လိုက်ပို့ပေးမှာ"

ထို့နောက် ကားပေါ်သို့တက်ကာ ဟိုတယ်သို့ မောင်းထွက်လာခဲ့တော့သည်။ အောင်မြိုင်က ကားမောင်းရင်း ...

"အစ်ကိုကြီးလေ ဝတီလေးကို သိပ်ချစ်တာ၊ ဘယ်နေရာ ဘယ်ဘဝ ရောက်ရောက် ဝတီလေးဘေးနားမှာ အစ်ကိုကြီး ရှိနေမှာ"

ရုပ်ရည်နှင့်မလိုက်အောင် ပြောဆိုနေတဲ့ အောင်မြိုင်ကို ဝတီက အမြင်ကတ်ကတ်နှင့် ...

"ရှင် သေသွားရင်ရော"

"အစ်ကိုကြီးသေသွားရင် ဝတီ့ဘေးနားမှာ သရဲဘဝနဲ့ နေမှာ၊ ဘဝ မကူးဘူး"

"ရှင်"

"တကယ်ပြောတာ၊ အဲဒီအခါကျရင် ပိုတောင် ဝတီလေးဘေးမှာ နေလို့ရသေးတယ်၊ သရဲဆိုတော့ လွတ်လွတ်လပ်လပ် ဝတီ့နားမှာ နေလို့ရတယ်လေ"

"ရှင်က ဘာတွေပြောနေတာလဲ"



အောင်မြိုင်က မလှပတဲ့သွားတွေ ပေါ်အောင်ပြုံးပြပြီး ခေါင်းတုံးကို လက်နှင့်ပွတ်၍ ...

"အစ်ကိုကြီးက ဝတီလေးကို ချစ်လွန်းတဲ့အကြောင်း ပြောတာပါ"

ဝတီ ဘာမှ ဆက်မပြောတော့။ ကားပြတင်းပေါက်မှ အပြင်ဘက်သို့သာ ကြည့်ရင်း လိုက်ပါလာသည်။ တဖြည်းဖြည်းနှင့် ကားက ဟိုတယ်သို့ ရောက်လာပြီး ဟိုတယ်ရှေ့ ကားထားရာတွင် ကားကိုရပ်လိုက်ကာ အထဲသို့ ဝင်လာခဲ့သည်။

ဟိုတယ်၏ ဧည့်ကြိုကောင်တာတွင် အောင်မြိုင်က ...

"သီးသန့်ခန်း ကြိုမှာထားတယ် ... ရတယ်မဟုတ်လား"

မေးနေစဉ် ဧည့်ကြိုကောင်တာရှေ့တစ်ဖက်တွင် ရပ်နေသူက အောင်မြိုင်နှင့်ဝတီ့ကို လှည့်ကြည့်လိုက်ရာ ဝတီက ...

"ဟင် ... ကို"

"ဘာလဲ ဝတီလေး ... ဘာလဲ"

အောင်မြိုင်က သူ့ကိုခေါ်သည်ထင်၍ ပျာပျာသလဲ မေးလိုက်ရာ ဝတီက အောင်မြိုင်ရိုပ်မိမည်စိုး၍ ...

"မြန်မြန်လုပ် ... ဗိုက်ဆာနေပြီလို့ ပြောမလို့"

"ဟုတ်ပြီ ဟုတ်ပြီ"

လင်းသက်ရဲ့မျက်နှာ သိသိသာသာ ပျက်သွားသည်ကို ဝတီ သိပေမယ့် မတတ်နိုင်။ အခြေအနေက အကောင်းဆုံးဖြစ်အောင် နေရမှာမို့ အောင်မြိုင်နှင့်အတူ ဟိုတယ်အတွင်းဘက်သို့ ဝင်လာခဲ့တော့သည်။

အောင်မြိုင်က သီးသန့်စားသောက်ခန်းတွင် အစားအစာများကို စီစဉ်ထားရာ အလွန်များပြားလှသည်။

ဝတီက စားချင်စိတ်လည်း မရှိတာမို့ အနည်းငယ်သာ စားလိုက်သည်။ ထိုစဉ် ...

'တူ တူ တူ'

ဝတီ့ဖုန်းက ခေါ်သံထွက်လာလေရာ အောင်မြိုင်က ဖုန်းကိုကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်သည်။ ဝတီ စိတ်ဆိုးစွာနှင့် . . .

"ရှင် ဘာလုပ်တာလဲ"

"စိတ်မဆိုးပါနဲ့ ဝတီလေးရယ်၊ စားသောက်နေတုန်း ဖုန်းပြောရင် အရသာပျက်တယ်၊ အစ်ကိုကြီး ဖုန်းယူထားလိုက်မယ် . . . နော်"

ဝတီ ဘာမှဆက်ပြောချင်စိတ် မရှိ။ ပြောရင်လည်း စကားက ပြတ်တော့မှာ မဟုတ်တာကြောင့် . . .

"ဝတီ ဗိုက်ဝပြီ . . . ပြန်မယ်"

ပြောပြောဆိုဆိုနှင့် ထွက်လာရာ အောင်မြိုင်လည်း နောက်ကလိုက်လာတော့သည်။

❖ ❖ ❖





အခန်း ( ၄ )

## သဟို့သမီးလောင်းခေါ်မျက်ရည်

နောက်ရက်တွေမှာ မေမေက ဝတီ့ကို အပြင်လုံးဝ ထွက်ခွင့်မပြုသလို ဖုန်းပြောဖို့လည်း ခွင့်မပြုပါ။ ဝတီကတော့ ဘာလုပ်လို့ဘာကိုင်ရမှန်းပင် မသိတော့။

လင်းသက်က ဟိုတယ်တွင် သူနှင့်အောင်မြိုင် တွဲတွေ့သည့်ကိစ္စကို အထင်များလွဲနေမလားဟုလည်း ပူပန်လို့နေမိသည်။

ကံကောင်းချင်တော့ ချယ်ရီက အိမ်ရောက်လာသည်။

"ဝတီ ဖုန်းခေါ်တော့လည်း ခေါ်မရ . . . ဘယ်လိုဖြစ်နေတာလဲ"

"သမီးသူငယ်ချင်း စေ့စပ်တော့မယ်လေ၊ ဒါကြောင့် အလုပ်ရှုပ်နေဘာ"

"ရှင်"

မေမေ့စကားကြောင့် ချယ်ရီ အရမ်းအံ့သြသွားသည်။ မယုံသလိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝတီရဲ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဝတီမျက်နှာနွမ်းနွမ်းကို မြင်တော့ သဘောပေါက်သွားပုံ ရသည်။

''ဝတီ ... နင်က ကျိတ်လုပ်တယ်ပေါ့၊ ငါ့ကိုတောင် အကြောင်း မကြားနိုင်ဘူး''

''မေမေတို့ စီစဉ်တာလေ''

''ဝတီက လိမ္မာတယ် သမီးရဲ့၊ မိဘက ဒါဆို ဒါပဲ၊ မောင်အောင်မြိုင် ကဆို ဝတီ့ကို မျက်စိအောက်ကကို အပျောက်မခံဘူး၊ သိပ်ချစ်ရှာတာ''

''ဝတီ ကံကောင်းတာပေါ့''

ချယ်ရီက မေမေ့စကားကို အလိုက်သင့်စွာ ပြောဆိုတာမို့ မေမေက ချယ်ရီ့ကို သံသယလုံးဝမမြင်။ ဝတီက မေမေဘေးနားမှာ အသာငြိမ်လို့သာ ထိုင်နေသည်။

''မင်္ဂလာပွဲကိုလည်း အကြီးအကျယ် လုပ်မှာ၊ တစ်ပွဲတည်းတောင် မဟုတ်ဘူး ... နှစ်ပွဲလုပ်မှာ''

မေမေက အားရပါးရပြောတော့ ချယ်ရီက ...

''သမီးကို သတို့သမီးအရန်လုပ်ဖို့ စဉ်းစားပေးနော်၊ ဒီလိုပွဲမျိုးကို ချယ်ရီတို့ ဘယ်လက်လွှတ်ခံမလဲ''

''ဟုတ်တာပေါ့ ... အန်တီ နီးရင် ပြောမယ်လေ၊ သမီးသူငယ်ချင်း ကိုလည်း ပြောဦး ... သူက အေးစက်စက်နဲ့၊ ကိုယ့်ဘဝတစ်ခုလုံး အရေးကြီး ဆုံးအချိန်မှာ တက်တက်ကြွကြွကို မရှိဘူး''

''ဟုတ်သားပဲ ဝတီရယ် ... အခုအချိန်မှာ နင် ပျော်နေရမှာ''

ချယ်ရီက ဝတီ့ကို နားချသည့်ပုံဖြင့် စကားတွေ အများကြီးပြောနေ ရာ ဝတီ့မေမေ ဒေါ်ခင်ခင်ကြီးက စိတ်ချစွာနှင့် ...

''ကဲ ... စကားပြောကြဦး၊ အန်တီ အဝတ်အစားတွေ ချုပ်ထားတဲ့ ကိစ္စ ဖုန်းဆက်မေးလိုက်ဦးမယ်''

''ဟုတ်ကဲ့''

ဒေါ်ခင်ခင်ကြီး ထသွားတော့ ချယ်ရီက ...





''ဘယ်လိုလုပ်ကြမလဲ ဝတီ ... နင် ဘာတွေစဉ်းစားထားလဲ''

''ငါ ဘာမှစဉ်းစားလို့ကို မရဘူး၊ သေသာသေလိုက်ချင်တယ်၊ နင် ကိုကို သွားပြောပေးပါ ... သူစီစဉ်တဲ့အတိုင်း ငါ လိုက်လုပ်မယ်''

''သူ့အစီအစဉ် နင် ဘယ်လိုသိနိုင်မလဲ၊ ဒီတစ်ခါ ငါလာပြောရ လည်း ရမှာမဟုတ်ဘူး''

ဝတီ ခေါင်းကိုယမ်းလိုက်ပြီး ...

''ငါ ဘယ်နည်းနဲ့မှ ကိုအောင်မြိုင်ကို လက်မခံဘူး၊ အခွင့်အရေး ရတာနဲ့ ကိုကို့ဆီကို ထွက်သွားမယ်''

''ကောင်းတယ် ... လိုအပ်တာအားလုံး ငါကူညီပေးမယ်''

ချယ်ရီက အားတက်သရောပြောတော့ ဝတီက ...

''ကျေးဇူးပါပဲဟာ''

''ငါပြန်တော့မယ်၊ ကိုလင်းသက်ကိုလည်း အကျိုးအကြောင်း ပြော ပြထားလိုက်မယ်''

ချယ်ရီပြန်သွားတော့ ဝတီ့ရင်ထဲမှာ အားအင်တို့ ရှိလာသလို ခံစားရ သည်။

ရေရှင်ဆိုင်ရမယ့် အခက်အခဲတွေအတွက် ရင်လည်းခုန်မိတယ်လေ

နောက်ရက်တွေမှာ အဝတ်အစားလာပို့တဲ့သူတွေ၊ အလှပြင်ဖို့ လာ ကြည့်သူတွေနှင့် ရှုပ်နေ၏။ ခြံထဲတွင်လည်း စားပွဲဝိုင်းများ၊ ပန်းပင်များ ရောင်စုံမီးသီးများနှင့် လှပစွာ တန်ဆာဆင်နေသည်ကို ဝတီတွေးပြီး ရင်မော မိသည်။

စေ့စပ်ပွဲဖြစ်သော်လည်း အောင်မြိုင်က သူများတွေနှင့်မတူ ထူး အောင်ဆိုပြီး အကြီးအကျယ်ကို ပြင်ဆင်တော့သည်။ နာမည်ကြီးတီးဝိုင်းလည်း ငှားထားသလို အစားအသောက်ကိုလည်း ဟိုတယ်က တိုက်ရိုက်မှာထား၏။

ဝတီက ထိုမျှ ကြီးကျယ်စွာပြုလုပ်သော အောင်မြိုင်အား ...

''ရှင် ဘာတွေလုပ်နေတာလဲ ... စေ့စပ်ပွဲက ဒီလောက်ကြီးကျယ် အောင် လုပ်ဖို့လိုလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"လိုတာပေါ့ ဝတီလေးရယ်၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ဘယ်လောက်ချစ်လဲဆိုတာ စေ့စပ်ပွဲတို့, မင်္ဂလာဆောင်တို့မှာ ဘယ်လောက်အကုန်ခံနိုင်လဲဆိုတဲ့ အပေါ်မှာ မူတည်တယ်"

"ဘာမှမဆိုင်ဘူး၊ မေတ္တာတရားကို ငွေကုန်ခံနိုင်တာနဲ့ ပိုင်းဖြတ်လို့မရဘူး"

ဝတီ ဘာပြောပြော အောင်မြိုင်က အပြုံးမပျက်။ သူ လုပ်လိုရာတွေကို လျှောက်လုပ်လို့သာနေသည်။ ဝတီက အခန်းထဲမှ အပြင်ကို သိပ်မထွက်တော့။

ဝတီ့နေပုံထိုင်ပုံကို မကြိုက်တဲ့မေမေက . . .

"ညည်းကို တစ်ခါတည်း မှာထားမယ်နော် . . . လူကြီးတွေနဲ့ ကိုယ့်ဆွေမျိုးတွေကို ဂုဏ်သိက္ခာကျအောင် မလုပ်နဲ့၊ မောင်အောင်မြိုင်ကိုလည်း လိုက်လိုက်လျောလျော ဆက်ဆံ၊ ဟိုက ညည်းကို ဘယ်လောက်ချစ်ရှာလဲ၊ စေ့စပ်ပွဲတောင် တခမ်းတနား လုပ်ပေးရှာတယ်"

"အဲဒီလောက်ကြီး မလိုပါဘူး"

"လိုတယ်၊ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းအတွက် လိုတာ"

ဝတီ့ကိုပြောဆိုပြီး မေမေက အခန်းထဲမှ ထွက်သွားသည်။ ဒီကိစ္စတွေအားလုံးကို ကောင်းတာရော ဆိုးတာပါ ဘာတစ်ခုမှ ဝင်မပြောတာ ဖေဖေဦးကျော်မိုးပင် ဖြစ်သည်။

ဖေဖေက ဌာနဆိုင်ရာအရာရှိကြီးဖြစ်သလို အနေအေးတာကြောင့်လည်း ဝတီတို့မိသားစုမှာ မေမေ့ရဲ့သြဇာက လွှမ်းမိုးလို့နေသည်။

မေမေက သူ့မိဘမျိုးရိုးစဉ်ဆက် ပိုင်ဆိုင်သည့် မြစ်ဝကျွန်းပေါ်ဒေသက လယ်ကွေများ၊ ဆန်စက်၊ ဆီစက်တို့ကို ကိုယ်တိုင်ဦးစီးလုပ်ကိုင်သလို ပွဲရုံတစ်ခုကိုလည်း ကြီးကျယ်အောင်မြင်စွာ လုပ်ကိုင်နိုင်သည်။

ဝတီ့ကိုလည်း အခုရက်ပိုင်း အိမ်ဖော်မလေး မိထွေးကို စောင့်ကြည့်ခိုင်းထားသည်။ အိမ်မှာရှိသည့် ဖုန်းတစ်လုံးကို မေမေက သူ့အခန်းထဲတွင် ထည့်ထားပြီး သူသုံးသည့်ဖုန်းကိုသာ လက်ထဲကိုင်ထားသည်။





ညနေ ဖေဖေ အလုပ်ကပြန်လာတော့ ဝတီက . . .

"ဖေဖေ . . . ဖေဖေ့မှာ ဖုန်းရှိတယ် မဟုတ်လား၊ ဝတီ ချယ်ရီနဲ့ဆက်ချင်လို့"

"ဖေဖေ့ဖုန်းကို သမီးမေမေ ယူထားတယ်"

"ဟင်"

ဝတီ စိတ်ဓာတ်ကျသွားသည်။ မေမေ ဘယ်လောက်အကွက်ချလိုက်ပါသလဲ။ ယောကျ်ားကိုတောင် ဖုန်းပေးမကိုင်တော့။ ဝတီက ငိုသံပါလေးနှင့် . . .

"ဖေဖေ . . . ဝတီ သရဲနဲ့တူတဲ့လူကို လက်မထပ်ချင်ဘူး"

"သမီးရယ်"

ဖေဖေလည်း ဝတီ့ကိုကြည့်ပြီး စိတ်မကောင်း။ ဒါပေမဲ့ မေမေ့သြဇာကို မလွန်ဆန်နိုင်တာမို့ . . .

"သမီးမေမေက ကောင်းမယ်ထင်လို့ စီစဉ်တာပဲကွယ်၊ သမီးလက်ခံလိုက်ရင် မိဘကျေးဇူးဆပ်ရာ ရောက်ပါတယ်"

"မိဘကျေးဇူးကို တခြားနည်းနဲ့ ဆပ်ပါရစေ ဖေဖေ၊ သရဲလိုလူနဲ့ လက်ထပ်ပြီး ဆပ်ရမှာတော့ . . ."

"ဖေဖေ နားလည်ပါတယ်"

ဖေဖေက စိတ်မကောင်းဖြစ်စွာနှင့် ဝတီရဲ့ခေါင်းလေးကို အသာပွတ်ပေးလိုက်လေသည်။

စေ့စပ်ပွဲကလည်း တခမ်းတနားနှင့်မို့ လွန်စွာကြီးကျယ်လှသည်။ လူကုံထံအသိုင်းအဝိုင်းက လူပေါင်းများစွာ တက်ရောက်ဖို့ စီစဉ်ထားတာကြောင့်လည်း အစစအရာရာ လစ်ဟာမှု မရှိအောင် အောင်မြိုင် စီစဉ်နေသည်။

ဝတီ မှန်တင်ခုံရှေ့တွင် ထိုင်ရင်း မှန်ထဲက သူ့မျက်နှာကို ငြီးငွေ့ရယ်ကြင်းကင်းစွာ၊ အဓိပ္ပာယ်မဲ့စွာ ကြည့်နေသည်။

ဘေးက စေ့စပ်ပွဲအတွက် အထူးချုပ်ထားသည့် ဇာဂါဝန်အဖြူရောင်ထပ်က သူ့ကို အဆင်သင့် ကြိုနေသလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ... အလှပြင်ဆရာမတွေ ရောက်နေပြီ"

မိတွေးစကားသံနှင့်အတူ အလှပြင်သည့်သူတွေ ရောက်လာကြတာမို့ ဝတီက အလှပြင်စေရန် လိုအပ်တာတွေကို လုပ်လိုက်သည်။ အလှပြင်သူများက စိတ်တိုင်းကျ ခြယ်မှုန်းကြပြီးနောက် ဆံပင်ကို လိုအပ်သလိုပြင်ဆင်၍ ဂါဝန်ရှည်ကို ဝတ်ပေးလိုက်ရာ ဝတီမှာ လွန်စွာလှပလို့သွားတော့သည်။

❖ ❖ ❖



အခန်း ( ၅ )

## တစ်အိမ်လုံးသေသွားတယ်

စေ့စပ်ပွဲလုပ်ဖို့က အချိန်အနည်းငယ်သာ ကျန်တော့သည်။ အလွန်လှပနေသော ဝတီ့ကို မေမေက ကြည့်မဝအောင် ဖြစ်နေသည်။

"ငါ့သမီးလေးက အရမ်းလှတာပဲ၊ တကယ့်မင်းသမီးလေးအတိုင်းပဲ ကဲ ... ဖိနပ်စီး၊ အခန်းအပြင်ထွက်မယ်"

"ဟုတ်ကဲ့"

ဝတီ ဖိနပ်စီးရင်း ချက်ချင်းပင် အတွေးက ဝင်သွားသည်။ ဘယ်သူ့မမြင်အောင် ဖိနပ်ကို ဂါဝန်အောက်နားစကိုလှန်၍ စမ်း၍ ကြိုးကို လက်နှင့်ဆွဲဖြတ်လိုက်၏။

"ဟဲ့ သမီး ... ဖိနပ်က ဘာဖြစ်လို့လဲ"

"သဲကြိုးပြတ်နေတယ် မေမေ၊ ဒေါက်ဖိနပ်က ကြိုးပြတ်နေတော့ ဘယ်လိုစီးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ...ပြဿနာပဲ၊ အချိန်တော့ နည်းနည်းလိုပါသေးတယ်၊ တစ်ယောက်ယောက်ကို သွားဝယ်ခိုင်းလိုက်မယ်"

ဒေါ်ခင်ခင်ကြီးက ပြောပြောဆိုဆိုနှင့် အိမ်ရှေ့ဘက် ထွက်သွားရာ သိပ်မကြာခင်မှာဘဲ အောင်မြိုင်နှင့်အတူ ဝတီဆီသို့ ပြန်လာသည်။

ဝတီ့ကို တွေ့သွားတဲ့ အောင်မြိုင်က ...

"အားပါး ...အရမ်းလှတဲ့ အစ်ကိုကြီးရဲ့ ဝတီလေးရယ်၊ တကယ် အိပ်မက်ထဲက တချွေမလေးပါလား"

"မောင်အောင်မြိုင် ...ဖိနပ်ကိစ္စ ဘယ်လိုလုပ်မလဲ"

"ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

ဝတီက အောင်မြိုင့်အနားသို့ တိုးကပ်သွားပြီး ...

"အစ်ကိုကြီးကိုယ်တိုင် ဝတီနဲ့ သွားဝယ်မယ်လေ၊ ဖိနပ်က ဝယ်ချင်တိုင်း ဝယ်လို့ရတာမှ မဟုတ်တာ၊ အတိုင်းနဲ့မှ ရတာလေ"

"ဟုတ်တာပေါ့ ...အစ်ကိုကြီးကိုယ်တိုင် လိုက်ဝယ်ပေးမယ်၊ အချိန်ရပါတယ်"

မေမေက အောင်မြိုင်ကိုယ်တိုင် လိုက်ပို့မှာဆိုတော့ ဘာမှမပြောတော့။ အောင်မြိုင်၏ မာစီးဒီးကားနက်ကြီးကို စီး၍ မြို့ထဲသို့ ထွက်လာခဲ့သည်။

"ဘယ်ဆိုင်မှာ ဝယ်မလဲ ဝတီလေး"

"ဗိုလ်ချုပ်ဈေးက ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝယ်မယ်လေ၊ အဲဒီမှာ စုံတယ်"

"ကောင်းပါပြီ"

အောင်မြိုင်က ကားကို တရိပ်ရိပ်နှင့်မောင်းလာရာ သိပ်မကြာခင်မှာပဲ ဗိုလ်ချုပ်ဈေးသို့ ရောက်လာ၏။

ကားပါကင်ထိုးသည့်နေရာတွင် ကားရပ်ထားလိုက်ပြီး အောင်မြိုင်က ဝတီအား ...

"ကဲ ...ဆင်း ဝတီလေး၊ ဝတီလေးစိတ်တိုင်းကျသာ ဝယ် ... ဘယ်လောက်ပေးရ ပေးရ"

ရဲရင့်အောင်စာပေ



"အစ်ကိုကြီးပဲ သွားဝယ်လိုက်တော့၊ ဝတီ ဒီဝတ်စုံကြီးနဲ့ ဈေးထဲ လိုက်ရမှာ ရှက်တယ်"

"ဟင်"

အောင်မြိုင် ဝတီ့စကားကြောင့် ဘယ်လိုဆက်လုပ်ရမှန်း မသိ။ တစ်ယောက်တည်း ဖိနပ်သွားဝယ်ဖို့ မရှက်ပေမယ့် ဝတီ့ကို ကားထဲတွင်ထားခဲ့ရမှာ စိတ်မချဖြစ်နေသည်။

"လိုက်ခဲ့ပါ ဝတီလေးရဲ့ ... ဒီ ဒီဖိုင်းနဲ့ဆို ပိုတောင်ပေါ်သေးတယ်"

"မလိုက်ချင်ဘူး အစ်ကိုကြီးရယ် ...ဝတီရှက်လို့ပါ၊ ဘာလဲ ... ဝတီ့ကို စိတ်မချတာလား၊ ဘာမှ မပူနဲ့ ...ဒီလောက်ထိ စီစဉ်ထားပြီးမှ အားလုံးမျက်နှာပျက်အောင် မလုပ်ဘူး"

"ဟုတ်သားပဲ ...ခဏလေးနော် ...ဝတီလေးဖိနပ်နံပါတ် ပြော"

"တော်မယ်ထင်တာ ဝယ်ခဲ့ ...ရတယ်"

အောင်မြိုင် ဈေးဆိုင်ခန်းဘက်ဆီ ထွက်သွားတော့ ဝတီ ကားပေါ်က အလျင်အမြန်ဆင်း၍ ပြေးထွက်လာသည်။ ဂါဝန်ရှည် အဖြူရောင်နှင့် လှပစွာပြင်ဆင်ထားသည့် ဝတီ့ကို လူတွေက ငေးကြည့်ကြသည်။

ဈေးအပြင် ဗိုလ်ချုပ်လမ်းပေါ်ရောက်တော့ တွေ့ရာ Taxi တစ်စီးကို ဖမ်းတားလိုက်သည်။

'ကျီ'

"အစ်မ ဘယ်သွားမလို့လဲ"

Taxi မောင်းတဲ့လူ စကားမဆုံးမီ ကားတံခါးကိုဖွင့်၍ အထဲသို့ ဝင်ထိုင်ပြီး ...

"မောင်း ...မြန်မြန်မောင်း"

"ဗျာ ...ဟုတ်ကဲ့ ဟုတ်ကဲ့"

ကားမောင်းသူက ကြောင်တောင်တောင်နှင့်လုပ်နေရာ ဝတီက အော်လိုက်မှ မောင်းထွက်လာတော့သည်။ ကားကတော့ အရှိန်မြှင့်ပြီးမောင်းပေမယ့် ဝတီ့စိတ်ထဲ နှေးနေသည်ဟု စိတ်ကထင်သဖြင့် ...

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကား ဒီထက်ပိုမြန်အောင် မောင်းလို့မရဘူးလား"

"အခု မောင်းနေတာတောင် အမြန်နှုန်း မနည်းဘူး၊ ပိုမောင်းရင် သေကုန်မှာပေါ့"

"မြန်နိုင်သမျှ မြန်အောင်မောင်း . . . သေရင်သေပါစေ"

ကားနောက်ဘက်က အောင်မြင့်လိုက်လာမှာကို စိုးရိမ်စွာနှင့် လှည့်ကြည့်လိုက်၊ Taxi မောင်းသူကို ပြောလိုက်နှင့် ဝတီ့စိတ်ထဲမှာ လွန်စွာလောနေသည်။

"နေပါဦး . . . ကျုပ်က ဘယ်ကိုမောင်းရမှာလဲ"

"ဟင် . . . ဟုတ်သားပဲ၊ ခပ်ဝေးဝေး ချောင်ကျတဲ့နေရာရောက်ရင် ကျွန်မ ဖုန်းဆက်မယ် . . . ရှင် စီစဉ်ပေးပါ"

"ကောင်းပြီလေ"

ကားသမားက ကျွမ်းကျင်စွာနှင့် ပုဖွန်တောင် လင်းစဒေါင်းဘက်ကို မောင်းပြီး လမ်းသွယ်တစ်ခုထဲသို့ဝင်၍ ကားကို ဖုန်းဆက်လို့ရသည့် ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ပေးလိုက်၏။

"ခဏလေး . . . ကျွန်မ ဖုန်းဆက်လိုက်မယ်"

ပြောပြီး လင်းသက်ရဲ့ဖုန်းကို နှိပ်၍ခေါ်လိုက်သည်။ ကံကောင်းထောက်မစွာနှင့် ဖုန်းက ချက်ချင်းဝင်သွားသည်။

"ဟဲလို"

"ကို . . . ဝတီပါ၊ ဝတီ အခု ထွက်ပြေးလာတာ၊ ကို, ဝတီ့ကို လာခေါ်ပါ"

"ဟင် . . . ဝတီ ဘယ်မှာလဲ"

"နေရာတော့ မသိတော့ဘူး၊ နောက်ကလိုက်မှာမို့ ကားသမားက မောင်းရင်း လမ်းသွယ်တစ်ခုကနေ ဆက်နေတာ"

"ဒါဆို ကို, လိပ်စာပြောလိုက်မယ်၊ အဲဒီကစောင့်နေ . . . ကို, ချက်ချင်းလာခဲ့မယ်"

လင်းသက်က ပုလဲမြို့သစ်ဘက်က လိပ်စာကို ရှေ့ရွတ်ပြရာ ဝတီက





လိုက်မှတ်လိုက်သည်။

"ကို, သေချာလာနော် . . . ဝတီ့မှာ ပိုက်ဆံမပါဘူး"

"ကိုကတောင် အရင်ရောက်ချင်ရောက်နေမှာ"

"ဒါပဲနော်"

ဝတီ ဖုန်းကိုချလိုက်ပြီး ဖုန်းခပေးရန် ကားသမားကို လှမ်းခေါ်လိုက်၏။

"ရှင် လာဦး . . . ဖုန်းခပေးလိုက်"

"ဗျာ"

"ဗျာမနေနဲ့ . . . ပြီးမှ အကုန်ပေါင်းရှင်းမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကားသမားကလည်း သဘောကောင်းသည်။ ပိုက်ဆံရှင်းပေးပြီး ကားပေါ်တက်ကာ . . .

"ဘယ်မောင်းရမလဲ"

"ပုလဲမြို့သစ်၊ အမှတ် သုံးလမ်းမ . . . . . . . . ."

"ဟုတ်ပြီ . . . ကျွန်တော်သိတယ်"

ပြော၍ ကားသမားက သူ့ကားကိုအရှိန်မြှင့်ကာ မောင်းထွက်လာတော့သည်။ ကံကောင်းချင်လို့လားတော့ မသိ . . . တစ်လမ်းလုံး အနှောင့်အယှက်ကင်းကင်း ဘာအန္တရာယ်မှ မတွေ့ပေမယ့် ဝတီ့စိတ်ထဲမှာတော့ စိုးရိမ်နေမိသည်။

ကားသမားက . . .

"ခင်ဗျားဒီဖိုင်းက တခြားလူတွေထက် ထူးနေတော့ သူများတွေ သတိထားစရာ ဖြစ်နေတယ်"

"ကျွန်မမှာ လဲဖို့ အဝတ်အစားအပိုမပါဘူး"

"ခင်ဗျားထိုင်ခုံနောက်ခန်းမှာ ခမောက်ရှိတယ် . . . ဆောင်းထားလိုက်၊ သိပ်မလှဘူးထင်ရင် ကျွန်တော့်အနွေးထည် ဝတ်ထား"

"ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝတီ ကားသမားပြောတဲ့အတိုင်း နောက်ခန်းကခမောက်ဦးထုပ်ကို ယူ၍ ဆောင်းထားလိုက်ပြီး ကားသမားချွတ်ပေးတဲ့ ဂျာကင်အနွေးထည်ကို ယူဝတ်လိုက်သည်။

"ကောင်းတယ်ဗျာ . . . ခုမှ ခင်ဗျားပုံက နိုင်ငံခြားကားတွေထဲက ကောင်းဘွိုင်နဲ့ တူသွားတယ် . . . ဟား ဟား"

"မောင်းမှာသာ မောင်းပါ။ စကားများနေတာနဲ့ တခြားကားနဲ့တိုက်လို့ သေကုန်ဦးမယ်"

"ဟောဗျာ . . . ခုနကတော့ သေချင်သေပါစေတဲ့"

ကားသမားက သူပြောတဲ့စကားကို အကျကောက်၍ ပြောလိုက်ရာ ဝတီက . . .

"ကျွန်မက ခိုးရာလိုက်လာတာရှင့် . . . မသေချင်သေးဘူး"

"ဗျာ . . . ဘယ်လို"

ကားသမား၏ မယုံနိုင်လောက်တဲ့ဟန်ပန်ကြောင့် ဝတီ သဘောပေါက်သွားပြီး . . .

"ရှင်ကလည်း တစ်မျိုး၊ ကျွန်မချစ်သူနဲ့ အတူနေဖို့ သွားနေတာလို့ ပြောတာ"

"ဩော် . . . မသိပါဘူး၊ ကျွန်တော်က ခင်ဗျားစကား ဘယ်လိုမှန်း မသိလို့ စိတ်ပူသွားတာ"

ကားသမားက လှုပျော်မို့ ဝတီလည်း သူပြောသည့်ရယ်စရာအကြောင်းများကို နားထောင်နေရကာ စိုးရိမ်စိတ်လျော့ပါးစွာ လိုက်ပါလာခဲ့သည်။

ကားလေးက တရိပ်ရိပ်နှင့်ပြေးနေဆဲ၊ ဝတီ့စိတ်ထဲ သိပ်မသင်္ကာ၍ ကားနောက်ဘက်မှန်မှတစ်ဆင့် နောက်လှည့်ကြည့်လိုက်ရာ . . .

"ဟာ . . . နောက်မှာ ပါလာပြီ"

"ဘာလဲ . . . အလန့်တကြား"

"နောက်က မာစီးဒီးကားနက်ကြီးလေ၊ အဲဒါ ကျွန်မနောက် လိုက်လာတာ"





ကားသမားက နောက်ကြည့်မှန်က ကြည့်ရင်း . . .

"ခင်ဗျား အသာနေ၊ ကြွေမပျက်စေနဲ့၊ သူတို့လမ်း သူတို့မောင်းနေတာလည်း ဖြစ်မယ်"

ဝတီ ကားသမားစကားကို လက်ခံပြီး အသာငြိမ်နေလိုက်သည်။ အမှန်ပင် မာစီးဒီးကားနက်ကြီးထဲမှ လူမှာ Taxi ကားကို ယှဉ်မောင်းပြီး ကြည့်သွားသည်။

"အစ်မ . . . ခေါင်း နည်းနည်းငုံ့ထား၊ အရမ်းတော့ မငုံ့နဲ့ . . . ရိပ်မိမယ်"

"အင်း"

ကားသမားပြောတဲ့အတိုင်း ဝတီ ခေါင်းကို အသာလေး ငုံ့ထားလိုက်ရာ ဦးထုပ်က ကွယ်နေသလို ဂျာကင်အင်္ကျီနဲ့မို့ ဝတီမှန်းမရိပ်မိဘဲ ကားကို အရှိန်ပြင်းစွာ မောင်းထွက်သွားသည်။

"တော်သေးပါရဲ့ . . . ရှင့်ကို ကျေးဇူးလည်းတင်တယ်"

"ရတယ် . . . ကျွန်တော်က သည်းထိတ်ရင်ဖိုတွေ ဝါသနာပါတယ်၊ အဲ . . . ဥပဒေနဲ့ငြိတာဆို မစွန့်စားဘူးပေါ့ဗျာ"

"ဟုတ်ပါတယ် . . . ကျွန်မနာမည် ဝတီချိုပါ၊ ဝတီလို့ ရင်းရင်းနှီးနှီး ခေါ်လို့ရတယ်၊ ရှင့်နာမည်က . . ."

"ကျော်စွာပါ၊ အခု ခင်ဗျားသွားမယ့်အိမ်နဲ့ ကျွန်တော်နေတဲ့နေရာက မဝေးဘူး၊ ကျွန်တော်တို့လည်း လင်မယားနှစ်ယောက်တည်း နေတာ၊ ကိုယ်ပိုင်ခြံတော့ မဟုတ်ဘူး"

"ကျွန်တော့်ဆရာသမားတစ်ယောက်ရဲ့ ခြံပါ၊ အစောင့်သဘောမျိုး နေတာပေါ့ဗျာ"

ကားသမားရဲ့စကားကြောင့် ဝတီ ကျိတ်ဝမ်းသာသွားသည်။ ပတ်ဝန်းကျင်အသစ်မှာ မိတ်ဆွေရလာဆိုတော့ သူ့အတွက် အားရှိသည်ဟုလည်း ခံစားလိုက်ရသည်။

"ရှင့်အမျိုးသမီးနာမည် ဘယ်လိုခေါ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နော်ကူးပါ"

"နာမည်က အဆန်းပါလား ... ဗမာတော့ မဟုတ်လောက်ဘူး ထင်တယ်"

ကျော်စွာက တစ်ချက်ပြုံးလိုက်ပြီး ...

"ကုလားမလား"

"ရှင်"

"ဟုတ်တယ်၊ မြန်မာဆန်လွန်းမက ဆန်အောင် နော်ကူးဆိုတဲ့ နာမည် ပေးထားတာ ... ကောင်းရဲ့လား"

"ကောင်းပါတယ်"

ဝတီ ဘယ်လိုလူတွေနှင့် လာတွေ့နေလဲမသိ။ ကုလားမကိုလည်း နာမည်ပေးထားတဲ့ မြန်မာဆန်လွန်းစေတဲ့ ကားဆရာကို ဘယ်လိုနားလည် ရမှန်းပင် မသိတော့။

ကားလေးက တဖြည်းဖြည်းနှင့် ပုလဲမြို့သစ်ဆီသို့ ရောက်လာရာ လင်းသက်ပေးထားသည့်လိပ်စာက အဝေးပြေးလမ်းမဘေးတွင်မို့ ကားဆရာ ကျော်စွာ အလွယ်တကူပင် သိ၍ ခြံရှေ့သို့ ကားရပ်ပေးလိုက်သည်။

ဝတီ ကျယ်ဝန်းလှသည့်ခြံကြီးကို ကြည့်ပြီး ရင်ထဲ ထိတ်လို့သွား သည်။

"ဟာ ... ခြံကြီးက အကျယ်ကြီးပါလား"

"ဟုတ်တယ် အစ်မ၊ ဒီကခြံတွေက အကျယ်ကြီးတွေပဲ၊ ဒီခြံထဲက တိုက်က အရမ်းသားနားတယ်၊ ဒါပေမဲ့"

ကျော်စွာက စကားကို ရပ်ပစ်လိုက်သဖြင့် ဝတီက ...

"ဆက်ပြောလေ"

"ခေါင်းရင်းခြံက အိမ်ကြီးက သရဲအရမ်းခြောက်တယ်"

"ဟင်"

"အဲဒီအိမ်ထဲမှာ မည်းမည်းအကောင်ကြီးတွေ အများကြီးတဲ့၊ အရင် နေခဲ့တဲ့သူတွေ နေမှာပေါ့ ... သူတို့အားလုံးက အဲဒီအိမ်ကြီးထဲမှာ သူများသတ်





လို့ သေသွားတာလေ"

ကျော်စွာရှင်းပြတာကို ဝတီ စိတ်ဝင်စားသွားပြီး ...

"တစ်အိမ်လုံးသေသွားတာ အမှုမပေါ်ဘူးလား"

"ပေါ်တာပေါ့ ... ရန်ငြိုးနဲ့သတ်တာလေ၊ ကျွန်တော်တို့လည်း ကြား တာပါ၊ ကျွန်တော်တို့မရောက်ခင် တစ်နှစ်လောက်က ဖြစ်တာ"

"သြော်"

ကျော်စွာနှင့်စကားပြောနေစဉ် ဆလွန်းကားအနီရောင်လေးကို ဝင် လှမ်းတွေ့လိုက်ရ၍ ဝမ်းသာသွားသည်။

"ကို့, လာနေပြီ"

"ဘယ်မှာလဲ ... ဟိုကားလား၊ ကားခရတော့မှာပေါ့"

"ရမှာပေါ့"

အနီရောင် ဆလွန်းကားလေးက ကျော်စွာနှင့် ဝတီတို့၏ ဘေးနားတွင် ထိုးရပ်လိုက်ပြီး ကားပေါ်မှ လင်းသက် ဆင်းလို့လာလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

# ကားနက်ကြီးထဲကအလောင်း

လင်းသက်က ကျော်စွာကို ကျေးဇူးအရမ်းတင်နေသလို ကားခလည်း ရှင်းပေးလိုက်သည်။

"ကျော်စွာ . . . အစ်ကိုတို့ လက်မှတ်ထိုးဖို့ကိစ္စကို မင်းက ရှာခံဆို တော့ စီစဉ်ပေးပါဦး"

"စိတ်ချ အစ်ကို . . . ကျွန်တော် အားလုံးစီစဉ်လိုက်မယ်၊ သက်သေ နေရာမှာလည်း ကျွန်တော်တို့လင်မယား ထိုးမယ်လေ"

"ကောင်းတယ်"

ကျော်စွာက သူ့ကားကိုမောင်းထွက်သွားပြီး လိုအပ်တာများကို စီစဉ် လိုက်သည်။ လင်းသက်လည်း ဝတီနှင့်အတူ သူတို့နေရမည့် အိမ်ကြီးတွင် လိုအပ်မည့် အိမ်သုံးပစ္စည်းတချို့ကို အနီးနားကဈေးတွင် သွားဝယ်လိုက်သည်။

"အစတော့ ဒီလိုပေါ့ ဝတီရယ်၊ နောက်တော့ လိုအပ်တာ တဖြည်း





ဖြည်း ဝယ်ကြတာပေါ့"

"ဝတီက ကိုနဲ့နေရရင် ပြီးရော၊ ဘာအဆောင်အယောင်မှ မလိုပါဘူး"

ဝတီက ဂါဝန်နဲ့မို့ အဝတ်အစားအချို့ကို ဝယ်ပေးရသည်။ ရွှေထည် စိန်ထည်ပစ္စည်းတွေပါ ပါလာသဖြင့် အားလုံးကို ချွတ်ထားလိုက်ပြီး . . .

"ဝတီ့အိမ်က ပြဿနာရှာရင် ဒါတွေအတွက်ပဲ ရှာမှာ၊ ဒီတော့ ၄ ကြုံရှိရင် ပြန်ထည့်ပေးလိုက်ပေါ့"

"ကိုသဘောပဲ"

ဝတီက လင်းသက်စီစဉ်သမျှ အားလုံး သဘောတူလက်ခံကာ လိုက် လုပ်သည်။

ညရောက်တော့ ကျော်စွာတို့လင်မယားက ရပ်ကွက်ရုံးတွင် လက်မှတ် ထိုးဖို့ လာခေါ်သဖြင့် လင်းသက်၏ကုမ္ပဏီက ပေးထားသည့်ကားဖြင့် ထွက် လာကြသည်။

ကိစ္စအားလုံးပြီးတော့ လင်းသက်က . . .

"ကျော်စွာ . . . အစ်ကိုတို့ မနက်ဖြန် မင်္ဂလာဦးဆွမ်းကျွေးလေး လုပ်ချင်တယ်ကွာ . . . အကျဉ်းချုံးလေးပေါ့"

"ဘာကျွေးချင်လဲ အစ်ကို"

"ဒီနားက လူနည်းနည်းပဲ ဖိတ်မှာ၊ တခြား ဘယ်သူမှ မဖိတ်တော့ ဘူး၊ ဒန်ပေါက်ပဲ အော်ဒါမှာလိုက်ကွာ"

"ရတယ် . . . ကျွန်တော် အားလုံးစီစဉ်လိုက်မယ်"

ကျော်စွာနှင့် နော်ကူးက စိတ်သဘောထားကောင်းသူတွေမို့ လင်း သက်တို့ ကြင်စဦးဇနီးမောင်နှံအတွက် လိုအပ်တာအားလုံး အဆင်ပြေစေဒေ ဝိုင်းလုပ်ကိုင်ပေးသည်။

ကျော်စွာပြောသလိုပင် သူ့မိန်းမနော်ကူးမှာ ကုလားမလေး ဖြစ်သည်၊ အသားတော့ မမည်းဘဲ ဖြူ၏။ ဝတီ့ကိုလည်း တအားခင်ရှာသည်။

ဝတီနှင့် ကျော်စွာတို့လင်မယားက သက်တူရွယ်တူလောက်ဖြစ် သည်။ သူတို့လင်မယား ပြန်သွားတော့ လင်းသက်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ကို, ဝတီ အခုလောက်စောပြီး ထွက်လာလိမ့်မယ်လို့ မထင်ဘူး။ ဖုန်းလည်း ခဏခဏ ဆက်တာ မရဘူးလေ"

"ဟုတ်တယ် . . . မေမေက ဖုန်းယူထားတာ၊ ချယ်ရီ ကိုကို မပြောဘူးလား"

"ပြောတယ် . . . ကိုယ်က အဆက်အသွယ်မရတော့ ဘာလုပ်ရမှန်းကို မသိတာ"

နှစ်ယောက်သား စကားက ပြောမကုန်။ ချစ်သူရဲ့ရင်ခွင်မှာ နွေးထွေးစွာနှင့်ပင် ကြည်နူးနေရတဲ့အချိန်တွေဟာ ဝတီ့အတွက် မေ့လို့မရတဲ့အချိန်တွေ ဖြစ်နေတော့သည်။

နောက်တစ်နေ့ မင်္ဂလာဦးဆွမ်းကျွေးပြီးနောက် ဧည့်သည်များ ပြန်သွားသောအခါ . . .

'ဂျိန်း'

"ဟာ . . . ဘာသံလဲ"

ခြံရှေ့မှ ထွက်ပေါ်လာသောအသံကြောင့် အိမ်ထဲတွင်ရှိနေသော လင်းသက်၊ ဝတီနှင့် ကျော်စွာတို့လင်မယားပါ လန့်လို့သွားသည်။

ကျော်စွာက . . .

"ကားတိုက်တာဖြစ်မယ် အစ်ကို . . . သွားကြည့်ရအောင်"

"အေး"

သူတို့တွေ အိမ်ထဲက ပြေးထွက်လာပြီး ခြံရှေ့သို့ အလျင်အမြန် သွားကြည့်လိုက်ရာ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ဝတီ လန့်လို့သွားသည်။

"ဟို . . . ဟို . . . ကိုအောင်မြိုင်ကား . . ."

အနက်ရောင် မာစီဒီးကားမှာ သစ်လုံးတင်လာသည့် ကုန်ကားနှင့် အရှိန်ပြင်းထန်စွာတိုက်မိပြီး သစ်လုံးများက မာစီဒီးကားပေါ် ကျသဖြင့် ကားမှာ ပိလို့နေသည်။

"သွားပြီ . . . ကားထဲကလူကတော့ ရှင်ဖို့ လမ်းမမြင်ဘူး"

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် ကားထဲကလူကို လှမ်းကြည့်ပြီး





ကျော်စွာက မှတ်ချက်ပြုပြောဆိုနေသည်။ ဝတီက ကြောက်ကြောက်နှင့် လင်းသက်လက်မောင်းကို ဆုပ်ကိုင်ထားရင်း . . .

"ကို . . . အဲဒါ ကိုအောင်မြိုင်လေ"

"ဟင် . . . သွားပြီ၊ အသေဆိုးနဲ့ သေရှာတာပါ"

သူတို့ကြည့်နေပြီး သိပ်မကြာခင်မှာပဲ လူများဝိုင်းအုံလာပြီး မာစီဒီးကားနက်ကြီးထဲမှ အောင်မြိုင့်အလောင်းကို ဆွဲရုန်းထုတ်လိုက်လေသည်။

ဝတီလည်း စိတ်မကောင်းလွန်း၍ အောင်မြိုင့်အနားအား လာ၍ မျက်လုံးပြူးကာ ရုပ်ပျက်ဆင်းပျက်သေနေသော အောင်မြိုင့်ကို ကြည့်လိုက်ရာ

"ကို . . . အဲဒီလူမျက်လုံးက ဝတီ့ကို ကြည့်နေတယ်"

"ဟင်"

လင်းသက် တအံ့တဩပင် အံ့ဩလို့သွားသည်။ သေနေပြီဖြစ်သော်လည်း မျက်လုံးမပိတ်သည့် အလောင်းကောင်ကြီးက ဝတီ့ကို ကြည့်နေသလိုပင် ဖြစ်နေသည်။

"ဝတီကြောက်လိုက်တာ ကိုရယ်"

"ကဲပါ ဝတီရယ် . . . အိမ်ထဲကိုသာ ပြန်သွားရအောင်။ သိပ်မကြာခင် သူ့လူတွေရောက်လာလို့ ဝတီ့ကို တွေ့သွားမှ ပြဿနာထပ်ရှုပ်နေရဦးမယ်"

လင်းသက်ခေါ်လာသည့် အိမ်ထဲသို့ ဝတီလိုက်လာသော်လည်း၊ အောင်မြိုင်၏မျက်လုံးက ဝတီ့ကို လိုက်ကြည့်နေသလို ထင်နေရသည်။

"ကျွန်တော်တွေ့ဖူးတဲ့ မသာတွေထဲမှာ ဒီမသာက ကြောက်ဖို့ အကောင်းဆုံးပဲ"

ကျော်စွာပြောတာကို လင်းသက် ခေါင်းညိတ်ပြလိုက်ပြီး အကြောက်လွန်နေတဲ့ ဝတီ့ကို ရေတစ်ခွက်ခပ်တိုက်လိုက်သည်။

"ဒီလူ တော်တော်အဖြစ်ဆိုးတာပဲ"

"ဘာတတ်နိုင်မလဲကွာ . . . ကံတရားပေါ့၊ ကဲ ကဲ . . . မင်းတို့ လင်မယား ပန်းကန်တွေယူပြီး ရပ်ကွက်မှာရုံကို ပြန်အပ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အစ်ကို ... တခါခါတော့ အစ်ကိုတို့ကို မှာထားမယ်"

"ဘာများလဲ"

လင်းသက်က ကျောက်စွာကို မေးလိုက်ရာ ကျောက်စွာက ဖလှည့်တိုးတိုးနှင့် ...

"အခုသေတဲ့လူက အစိမ်းသေ ... သတိထား

အစိမ်းသေလည်း သေတာပါပဲကွာ ... ဘာထူးလို့လဲ

ဟာ ... အစ်ကိုကလည်း အစိမ်းသေက တခြားခြောက်တာ၊ မကျွတ်မလွတ် ဖြစ်နေတတ်တယ်

"အေးပါ ... ကဲ ... မင်းတို့သွားတော့"

ဝတီ ကြောက်နေမှာစိုး၍ ကျောက်စွာစကားကို ဖြတ်လိုက်ပြီး မြန်မြန်ပြန်လွှတ်လိုက်ရသည်။

"ကို ... ဝတီတို့ အဲဒီလိုလုပ်ကြမလို့ဟင်

"စိတ်ထဲ ဘာမှထားမနေနဲ့၊ သေတဲ့လူက ဘာမှလုပ်လို့မရဘူး။ ကောင်းတဲ့ဘက်ကတွေးရင် သူသေသွားတဲ့အတွက် တို့လင်မယား အန္တရာယ်ကောင်း ကင်းသေးတယ်

အင်း

ဝတီက လင်းသက်ပြောတာကို ခေါင်းသာညိတ်လိုက်ရသည်။ ကြောက်စိတ်က မပြယ်သေး။ အောင်မြင့် ဒီလူကိုပြောခဲ့တဲ့စကားကို နားထဲတွင် ပြန်၍ ကြားယောင်နေမိသည်။

"အစ်ကိုကြီး သေရင်တောင် ဝတီ့အနားမှာပဲ နေမှာ

❖ ❖ ❖



# အခန်း (၇)

## လမ်းမှာတွေ့တဲ့ပဒ္ဒေ

ညနေရောက်တော့ လင်းသက်က ဝတီအား ...

"ဝတီရေ ... တို့ယ်တို့ လမ်းလျှောက်ရအောင်၊ ပန်းခြံနားဒီနားလိုက်ကြည့်ကြမယ်"

"အင်း ... လျှောက်ကြမယ်လေ၊ အိမ်ထဲမှာနေနေရတာ ပျင်းစရာကြီး"

"ကဲ ... ဒါဆို လာ"

ဝတီက သဘောတူတာမို့ နှစ်ယောက်သား အိမ်တံခါးပိတ်ပြီး ထွက်လာကြသည်။

ခြံရှေ့ရောက်တော့ ...

နေ့လယ်က တိုက်ထားသည့်ကားကို မတွေ့ရဘဲ သစ်လုံးတင်ထား



www.burmeseclassic.com

www.burmeseclassic.com



နှင့် လမ်းဘေးတွင်ကျနေသော သစ်လုံးများကိုသာ တွေ့ရ၏။

ဝတီက ...

"ကို ... ကိုအောင်မြင့်အလောင်း မတွေ့တော့ဘူး"

"ဒေသနက အအေးတိုက်ကို ယူသွားလောက်ပြီပေါ့။ ဘာလဲ ... ဝတီက လိုက်ကြည့်ချင်လို့လား"

"အို ... ဘာလို့ လိုက်ကြည့်ရမှာလဲ"

လင်းသက်က စကားကို ဝတီက အတင်းငြင်းလိုက်သည်။ နှစ်ယောက်အတူ လမ်းလျှောက်လာရင်း ဝတီက ...

"ဒီဘက်က အရမ်းအေးချမ်းတယ်နော်"

"ဟုတ်တယ် ဝတီရဲ့၊ မြို့တွေကလည်း အကျယ်ကြီး၊ လူနေတဲ့အိမ်က များတယ်"

"အဲဒီလို အိမ်တွေမှာ လူနေရင် သရဲတစ္ဆေတွေ နေတတ်တယ်ဆို"

ဝတီက အမှတ်မထင်မေးတော့ လင်းသက်က ...

"မဖြစ်နိုင်ပါဘူး ဝတီရယ်၊ လူမနေတော့ ထိတ်ထိတ်ချောက်ချားတာပေါ့။ ဟိုနားက အသံထွက်သလိုလို ဒီနားက အသံထွက်သလိုလို ထင်နေတာပါ"

"အဲဒါ သရဲတစ္ဆေတွေရဲ့အသံနေမှာပေါ့"

လင်းသက်ရှင်းပြပေမယ့် ဝတီက သူထင်ရာကိုသာ ဇွတ်ပြောနေသည်။

လင်းသက်က စကားလမ်းကြောင်းပြောင်း၍ ...

"ကိုယ်တို့တွေ ဒီမှာနေတာ ဝတီ့မိဘတွေသိသွားရင် ဘယ်လိုလုပ်မလဲ"

"ဝတီ အရာရာအားလုံးကို ဆုံးဖြတ်ပြီးမှ ကိုနောက်ကို လိုက်ခဲ့တာပါ၊ ကိုယ်မှန်တယ်ထင်တဲ့လမ်းကို လျှောက်ပြီးမှ ဘယ်တော့မှ နောက်မလှည့်ဘူး"





ဝတီက ရဲရဲဝံ့ဝံ့ပြောလာတော့ လင်းသက်က ဝတီ့ရဲ့ပခုံးလေးကို ...ကိုင်ကာ ...

"ကိုနဲ့အတူတူနေရလို့ ဝတီဆင်းရဲမှာ ကို စိတ်မကောင်းဘူး။ တဖြည်းဖြည်းတော့ ပြည့်စုံလာအောင် ကို ကြိုးစားမှာပါ"

"ဝတီ ယုံပါတယ်၊ ကို့ကိုလည်း အားကိုးပါတယ်"

ဝတီက ပြန်ဖြေသည်။

ဤသို့ဖြင့် ...

သူတို့နှစ်ယောက် လျှောက်လာကြရာ အတော်ဝေးဝေးသို့ရောက်လာသဖြင့် လင်းသက်က ဝတီ့အား ပြောလိုက်သည်။

"ပြန်လှည့်ရအောင် ဝတီ ... မှောင်တော့မယ်"

ဝတီက ...

"ကို့သဘောလေ"

ဟု ဆိုကာ လာလမ်းအတိုင်း နှစ်ယောက်သား ပြန်လှည့်လျှောက်လာကြတော့သည်။

❖

အိမ်သို့ပြန်လျှောက်လာတော့ ...

အလင်းရောင်က အနည်းငယ်သာ ကျန်တော့သလို အမှောင်ကလည်း ပို၍များလာသည်။

ကားတစ်စီးတလေသာ ဖြတ်မောင်းတာကလွဲပြီး လမ်းတစ်လမ်းလုံး ...ရှင်းနေ၏။

ထိုအချိန်တွင် ...

သူတို့ရှေ့ မလှမ်းမကမ်းမှ လူတစ်ဦးလျှောက်လာသည်ကို နှစ်ယောက်လုံး ဝေဝါးစွာ တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တလည်း နေဝင်မိုးချုပ်အချိန်မို့ မျက်နှာကို ဘယ်သူဘယ်ဝ မှန်းမသိအောင် ဖြစ်နေသည်။

တဖြည်းဖြည်း အနားရောက်လာတော့ ...

ထိုသူမှာ အလွန်မှကို အသားမည်းမည်းဖြစ်ပြီး ကုတ်အင်္ကျီအနက် ရောင် အရှည်ကြီးကို ဝတ်လို့ထား၏။

ပုဆိုးမှာလည်း အရောင်မပေါ်လွှင်တော့လောက်အောင် ညစ်ပေနေ သည်။

လင်းသက်နဲ့ဝတီတို့အနားရောက်တော့ ထိုလူက အသံအစ်အစ်ကြီး ဖြင့် ...

"ဘယ်သွားကြမလို့လဲ"

"ဟင်"

ရုတ်တရက်မို့ နှစ်ယောက်သား လန့်သွားသည်။

အနီးကပ်မြင်ရသော မျက်နှာမှာလည်း မီးသွေးတုံးကဲ့သို့ မည်းနက်နေ သည်။

ဆံပင်တို့မှာလည်း ကောက်ကွေးလိမ်တွန့်နေပြီး ကိုယ်မှာ နံစော်နေ သည်။

သူ့ဘို့နှစ်ယောက်ရှေ့မှ ပိတ်ရပ်သလို ကာထားတာကြောင့် မဖြော် သွားဖို့ ခက်နေသည်။

လင်းသက်က ...

"ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျားကို ကျွန်တော် မသိဘူး"

ဟု မေးလိုက်ရာ ထိုသူက ...

"ငါက မင်းတို့ကိုသိတယ်၊ မင်းတို့ ငါ့အပိုင်ထဲကို ရောက်လာတာ ငါ့ကို ဘာမှမပေးကျွေးဘူး"

"ဗျာ ... ဘယ်လို ... ခင်ဗျားက ဘာလဲ"

လင်းသက်က မေးလိုက်ရာ ထိုသူက ...

"ဟား .. ဟား .. ဟား"





"ဟား .. ဟား .. ဟား"

အားရပါးရ ရယ်မောလိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံး ပွဲတင်ထပ်လို့ သွား၏။

လင်းသက်နဲ့ဝတီက ထိုလူကို ကျော်၍သွားရန်ပြင်လိုက်ရာ ထိုလူက လက်နှစ်ဖက်ကိုဆန့်လျက် ...

"မသွားရဘူး၊ ငါ့ကို အစာကျွေးမယ်လို့ ကတိပေးမှ မင်းတို့ သွားရ မယ်"

လင်းသက် စိတ်ညစ်သွားသည်။ ထိုလူ့အနားမှလည်း အမြန်ဆုံး ထွက်သွားချင်တာကြောင့် ...

"ပြောဗျာ ပြော ... ခင်ဗျားကို ဘာအစာကျွေးရမှာလဲ"

"ကြက်ကောင်လုံးကြော်"

အသံလေးလေးကြီးဖြင့် ပြောသည်။

ထို့ကြောင့် လင်းသက်က ...

"ကျွန်တော်တို့မှာ အခုမှ မပါတာ၊ ပိုက်ဆံယူထားမလား၊ ခင်ဗျား ဘာသာ ဝယ်လိုက်"

"ပိုက်ဆံ ဘာလုပ်ရမှာလဲ၊ မင်းပေးလည်း ငါ မယူဘူး၊ ငါမှသုံးလို့ မရတာ"

ထိုလူကြီးက ပြန်ဖြေသည်။

လင်းသက် ဘာလုပ်ရမှန်း မသိတော့။

အခြေအနေက အခုထက်ပိုဆိုးလာလျှင် မလိုအပ်ဘဲ ပြဿနာဖြစ် တော့မည်လေ။

ထိုစဉ် ...

"ဝူး ... ဝူး"

"ဝူး ... ဝူး ... ဝူး"

ဘယ်ကခွေးမှန်း မသိ။ ရုတ်တရက် အူတာကိုကြားလိုက်ရသဖြင့် လူမည်းကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ခေါ်နေပြီ၊ သွားတော့မယ်၊ ငါ့ကို ကြက်ကြော်မကျွေးတဲ့အတွက် နှင်မွေးတဲ့ကလေး ရုပ်ဆိုးပါစေ"

ပြောကာ သူတို့နှစ်ယောက်ကို ကျော်ပြေးထွက်သွားလေသည်။

❖

ဝတီက ကြောက်ရွံ့သည့်လေသံနှင့် ...

"ကို သူက ဘာလဲဟင်"

"မသိဘူးလေ၊ လာပါ မှောင်နေပြီ မြန်မြန်လျှောက်မယ်"

လင်းသက်က ဝတီ့လက်ကိုဆွဲကာ အိမ်သို့ ခပ်မြန်မြန်လျှောက်လာသည်။

ခြံရှေ့ရောက်တော့ အိမ်ထဲဝင်ရန် ပြင်လိုက်စဉ် ...

'ရှပ် .. ရှပ် .. ရှပ်'

'ရှပ် .. ရှပ် .. ရှပ်'

ခြံဝဘေး ခြံစည်းရိုးနားက ခြေသံကို ကြားရသဖြင့် ဝတီက ...

"ကို ... ဘာသံလဲ"

"ခွေးနေမှာပါ၊ လာ ... အိမ်ထဲဝင်ရအောင်"

လင်းသက်က ဝတီ့လက်ကိုဆွဲကာ အိမ်ထဲသို့ ခပ်မြန်မြန်ဝင်လာသည်။

အိမ်ထဲရောက်တော့ သောက်ရေတစ်ခွက်ကို ဝတီ့အတွက် ခပ်ပေးလိုက်သည်။

"ရေသောက်လိုက်မှ အမောပြေသွားတယ်"

"ဝတီ ကြောက်နေလား"

"အင်း"

"ဘာမှကြောက်မနေနဲ့ ... ကိုတို့တွေ့ခဲ့တာ အရူး၊ စိတ်မမှန်သူ





ပြောချင်ရာပြောနေတာ"

လင်းသက်ပြောတာကို ဝတီ မယုံပါ။

သူမ မကြောက်စေရန် ပြောတာပဲဖြစ်မည်ဟု စိတ်ထဲက တွေးထားလိုက်၏။

"အင်း ... ကို ... ကိုအောင်မြင် ဝတီတို့ကို လာမခြောက်ပါဘူးနော်"

"ဝတီကလည်းကွာ ... ဘုရားတရားကို ယုံတဲ့လူကို သရဲမခြောက်နိုင်ဘူးလို့ ကိုယ်ပြောထားတယ်လေ၊ ဝတီ ညဘက်အိပ်ရင် ဘုရားရှိခိုးပြီးသာအိပ်"

"ဟုတ်ကဲ့"

ဤသို့ဖြင့် အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးကာ အမှောင်တို့ ကြီးစိုးလာလေတော့သည်။

❖

နှစ်ယောက်သား စကားတပြောပြောနှင့် နေလာပြီး လင်းသက် ဗိုက်ဆာတာနှင့် ဝတီအား ...

"ထမင်းစားကြမယ် ဝတီ"

"ကို ဆာလို့လား ... စားမယ်လေ"

ပြန်ဖြေရင်း ...

သူတို့နှစ်ယောက် မီးဖိုချောင်ဝင်လာကာ ထမင်းအိုးနှင့်ဟင်းအိုးကို ဖွင့်လိုက်သောအခါ ...

"ဟင်"

ဝတီ့ထံမှ အံ့အားတကြီး အာမေဋိတ်သံကို ကြားလိုက်ရသည်။

တစ်ဆက်တည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကို . . . မနက်ကချက်ထားတဲ့ ကြက်သားတွေ မရှိတော့ဘူး။ အိုးက လည်း ပြောင်နေတယ်"

လင်းသက်လည်း အံ့ဩစွာဖြင့် . . .

"ဘယ်သူ စားသွားလို့လဲ"

"မသိဘူးလေ"

ဝတီ့မျက်နှာမှာ သွေးမရှိတော့အောင် ထိတ်လန့်နေသည်။

လင်းသက်က . . .

"မရှိလည်း မစားတော့ပါဘူးကွာ . . . ဝတီ ဆာသေးလား"

"မဆာပါဘူး"

"ဒါဆို လာ . . . အိပ်တာပဲကောင်းတယ်"

ပြောကာ အိပ်ခန်းဆီသို့ ထွက်လာခဲ့လေသည်။

❖

ထိုအိမ်ကြီးထဲမှ . . .

ထူးဆန်းသည့် အဖြစ်အပျက်တွေ မြောက်မြားစွာ ရှိနေတယ်ဆိုတာ တော့ လင်းသက် သိလိုက်သည်။

သူအလုပ်သွားလျှင် တစ်ယောက်တည်းနေခဲ့ရမည့် ဝတီ့ကို စိတ်ပူ မိသည်။

ဘယ်လိုအကြောင်းတရားတွေကြောင့် . . .

အခုလိုအဖြစ်အပျက်တွေ ကြုံနေရတာလဲဆိုတာ လင်းသက်တစ် ယောက် မတွေးတတ်တော့။

သူ့ဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့် ဝတီ့ကိုကြည့် ရင်း . . .

"ဝတီတစ်ယောက် နေ့လယ်ပိုင်း သူ့မရှိလျှင် တစ်ယောက်တည်း





ဒီအိမ်ကြီးတွင် နေရဲပါ့မလား"

ဟု တွေးကာ အကြိမ်ကြိမ် သက်ပြင်းချမိလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

# တစ္ဆေလာတဲ့ည

နောက်ရက်တွေမှာ လင်းသက် အလုပ်သွားတော့ ဝတီတစ်ယောက်သာ အိမ်မှာကျန်ခဲ့သည်။ မေမေက အမွေပြတ်စွန့်လွှတ်ခြင်းကို သတင်းစာမှာ ထည့်သလို လင်းသက်ထည့်သည့် နှစ်ဦးသဘောတူလက်ထပ်ခြင်းနှင့် အောင်မြိုင့်နာရေးကြော်ငြာက တိုက်ဆိုင်စွာပင် တစ်ရက်တည်း ပါလာသည်။

ဝတီလည်း ဒီခြံ၊ ဒီအိမ်ကြီးမှာ မနေရဲပေမယ့် လောလောဆယ် အဆင်အပြေဆုံးက ဒီနေရာပဲမို့ ကြိတ်မှိတ်နေရသည်။

အိပ်ခန်းထဲတွင် ပျင်းပျင်းနှင့် စာဖတ်နေရာ . . .

'ရှပ် ရှပ် ရှပ်'

ခြေသံ . . . ။ အခန်းအပြင်ဘက်ကနေ ထွက်လာတဲ့အသံကို ဝတီကြားရသဖြင့် ခေါင်းထောင်ပြီး နားစွင့်လိုက်သည်။

'ရှပ် ရှပ် ရှပ်'





"ဟင်"

အသံက တဖြည်းဖြည်းနှင့် သူ့အခန်းဝသို့ နီးသထက် နီးလို့လာလေသည်။ ဝတီ ဘာလုပ်ရမှန်းမသိ။ ကြောက်စိတ်က အလိုလို ဖြစ်ပေါ်လာလေရာ . . .

'တောက် တောက် တောက်'

ရေကျသံလိုလို၊ အခန်းတံခါးကို တစ်ယောက်ယောက်က ခေါက်သံလို့လိုနှင့် အသံကို နားထဲကြားနေရသည်။

မျက်လုံးထဲတွင်လည်း အောင်မြိုင်၏ ကြောက်မက်ဖွယ်ရာ မျက်လုံးပြူးပြူးနှင့်ပုံက ပေါ်လို့လာပြန်သည်။

'တောက်'

အခုတစ်ခါ ကြားလိုက်ရသည့်အသံက ပြင်းထန်သော တောက်ခေါက်သံ ဖြစ်သည်။

"အောင်မယ်လေး . . . ကိုအောင်မြိုင် ဝတီ့ကို ခြောက်နေတာလား"

ဝတီ့ပါးစပ်က အ,ထစ်ထစ်ထွက်လာလေရာ နောက်ထပ်အသံ မကြားရတော့။

တစ်ကိုယ်လုံးမှာလည်း ချွေးတွေက ရွှဲနစ်လို့နေသည်။ ကျယ်ဝန်းလှသည့် ခြံကြီးထဲတွင်ရှိသော အိမ်ကြီး၌ တစ်ယောက်တည်းနေရတာကြောင့်လည်း ထိတ်လန့်တုန်လှုပ်မိခြင်းလည်း ဖြစ်သည်။

'ဂွမ်'

"ဟင်"

အိမ်နောက်ဖေးမီးဖိုခန်းမှ ထွက်လာတဲ့အသံကို ကြားလိုက်ရသည်။ အိုးတွေခွက်တွေ ကျကွဲသည့်အသံ ဖြစ်သည်။

နေ့ခင်းကြောင်တောင် ဘယ်သူ အိုးလာလှန်တာလဲဟုလည်း တွေးသော်လည်း အခန်းအပြင်သို့ထွက်ကာ သွားမကြည့်ရဲ။

"ကိုအောင်မြိုင် လှန်စားနေတာလား"

တွေးမိတွေးရာ လျှောက်တွေးနေမိသဖြင့် အသားများ တသသဆင်း



www.burmeseclassic.com

www.burmeseclassic.com



တုန်လာသည်။ အကူအညီတောင်းရန် ဘေးပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ ခေါင်းရင်းခြံက အိမ်မည်းကြီးကိုသာ တွေ့ရသည်။

ထိုအိမ်မည်းကြီးတွင်လည်း ဘယ်သူမှ နေတာမဟုတ်။ နာနာဘာဝတွေ၊ တစ္ဆေသရဲတို့သာ နေသည်ဟု ကျော်စွာက ပြောခဲ့ဖူးသည်။

ကိုအောင်မြိုင်တစ်ယောက် အသေဆိုးနှင့်သေပြီးနောက် မကျွတ်မလွတ်ဖြစ်ကာ သူ့နားမှာ လာနေတာလားဆိုတဲ့ အတွေးက သူ့ရင်ကို ပိုလို့ချောက်ချားစေသည်။

တစ်နေကုန် ထမင်းပင်မစားဘဲ စောင်ကိုခေါင်းမြီးခြုံကာ အိပ်နေလေသည်။

အိပ်ရာကနိုးတော့ ညနေပင် စောင်းလို့နေပြီ။ အလင်းရောင်က သိပ်မကျန်တော့တာမို့ အခန်းမီးကို ထ၍ဖွင့်လိုက်သည်။ စိတ်ထဲကလည်း သိပ်မသန့်သဖြင့် အခန်းတံခါးဝကို ကြည့်လိုက်ရာ ...

''ဟင် ... ကိုအောင်မြိုင်''

တံခါးဝတွင် ရပ်နေသော ကိုအောင်မြိုင်ကို တွေ့လိုက်ရ၍ လွန်စွာထိတ်လန့်သွားပြီး ...

''အား''

အသံကုန်ဟစ်ကာ သတိလစ် မေ့မြောသွားလေတော့သည်။

''ဝတီ ... ဘာဖြစ်တာလဲ၊ ဟာ ... ဘယ်လိုဖြစ်သွားရတာလဲ''

လင်းသက် ပြေးလာပြီး ဝတီ့ကို ပွေ့ထားလိုက်သည်။ ခေါင်းက ခုတင်အောက်ဘောင်နှင့် ထိခိုက်လို့သွား၏။

''မဖြစ်ဘူး ... ဆေးခန်းသွားပြမှ ဖြစ်မယ်''

ဝတီ့ကို ပွေ့၍ အခန်းထဲမှထွက်လာပြီးနောက် ကားပေါ်တင်၍ ဆေးခန်းသို့ မောင်းထွက်လာခဲ့သည်။

ဆေးခန်းရောက်တော့ ဆရာဝန်က ဝတီ့ကို သေချာစမ်းသပ်စစ်ဆေးပြီး ...

''ခပ်ဖျားဖျားအမျိုးသမီး နှလုံးခုန်နှုန်း တအားမြန်နေတယ်၊ ထိတ်လန့်စရာ





တစ်ခုခုကို ရင်ဆိုင်ရလို့ပဲဖြစ်ဖြစ်၊ တွေ့ခဲ့လို့ပဲဖြစ်ဖြစ် အဲဒီအခါကျရင် အခုလိုမျိုးဖြစ်တတ်တယ်၊ ရောဂါတော့ မဟုတ်ပါဘူး''

ဆရာဝန်က သေချာရှင်းပြပြီးနောက် လင်းသက်က ...

''လဲကျတာ ခုတင်နဲ့ခေါင်းနဲ့ ထိသွားတယ် ဒေါက်တာ ... ကြည့်ပေးပါဦး''

ဆရာဝန်က ဝတီခေါင်းမှ ဆံပင်တို့ကို အသာဖယ်ကာ ဒဏ်ရာကို ရှာကြည့်သည်။

''ဘာဒဏ်ရာမှ မတွေ့ဘူး၊ သတိရတဲ့အထိ နေဗျာ၊ ကျွန်တော်လိုအပ်တဲ့စမ်းသပ်မှုတွေ လုပ်ပေးလိုက်မယ်''

''ကျေးဇူးပါပဲ''

ဆေးခန်းရှိ ခုတင်လွတ်တစ်လုံးပေါ်တွင် ဝတီ့ကို ပြောင်းတင်ထားလိုက်ပြီး ဘေးမှနေ၍ လင်းသက်က အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

နာရီဝက်ခန့်ကြာသောအခါ ဝတီ သတိပြန်ရလာသည်။

လင်းထက်က ...

''ဝတီ ... သတိရပြီလား''

''အင်း''

ဝတီက အနည်းငယ် ညည်းညူလိုက်ပြီး ...

''ကို ... ဝတီ ဘယ်ရောက်နေတာလဲ ဟင်''

''ဆေးခန်းကိုရောက်နေတာ၊ ဝတီ ဘာဖြစ်တာလဲ ... ကိုကိုလည်း မြင်ရော လဲကျသွားတယ်''

''ကိုကိုမြင်တာ မဟုတ်ဘူး''

''ဟင်''

ဝတီ့အဖြေကြောင့် လင်းသက် အံ့သြစွာနှင့် ဖြစ်သွားသည်။ သူ့တို့ကြည့်ပြီး လဲကျသွားတဲ့ ဝတီ့ကို သူကိုယ်တိုင် ပြေးပွေ့လိုက်တာလေ။

''ကို ... ဝတီ အိမ်မှာ တစ်ယောက်တည်းနေရတာ အခုမကြောင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ''

''ဘာကိုကြောက်တာလဲ ဝတီရယ် ... ဘာမှကြောက်စရာ မရှိပါဘူး''

''မဟုတ်ဘူး ကို ... ဝတီကြောက်တယ်၊ အဲဒီအိမ်ကြီးမှာ ဝတီ ဘယ်လိုမှ မနေရဲဘူး''

''ဟင်း''

လင်းသက် သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။ လောလောဆယ် အနေအထားအရ ဒီအိမ်ကြီးမှာပင် အဆင်ပြေတာမို့ ဝတီ့အား ...

''ဝတီ စိတ်ထင်တာပါ ... ဒီအိမ်ကြီးမှာနေတာ အခုချိန်မှာ အကောင်းဆုံးပဲလေ၊ ဝတီ့မိဘတွေက စွန့်လွှတ်ထားတယ်ဆိုပေမယ့် ဝတီ့ကို တွေ့သွားရင် အခြေအနေ တစ်မျိုးပြောင်းသွားနိုင်တယ်''

''ဝတီ မနေရဲဘူး''

ထိုစဉ် ဆရာဝန်ရောက်လာပြီး ဝတီ့ကို လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ လုပ်ပေးပြီး ...

''ခေါင်းက ဘယ်လိုနေလဲ''

''နည်းနည်းနာတယ် ဒေါက်တာ''

''မူးတာတို့ ကိုက်တာတို့ ဖြစ်သေးလား''

''မဖြစ်ဘူး''

ဆရာဝန်က ဆေးမှတ်တမ်းစာအုပ်တွင် ရေးမှတ်ပေးပြီးနောက် ပြန်ရန်ခွင့်ပြုလိုက်၍ လင်းသက်နှင့်ဝတီ အိမ်သို့ပြန်လာကြတော့သည်။

အိမ်ရောက်တော့ လင်းသက်က ထမင်းမစားရသေး၍ ...

''ဝတီ ထမင်းစားပြီးပြီလား ... ကို့တော့ ဗိုက်ဆာနေပြီ''

''ဝတီ ခူးပေးမယ်လေ ... အား''

ဝတီ ထိုင်ခုံပေါ်တွင် မှီထိုင်နေရာမှ ထမည်အပြု ခေါင်းထဲက တအားမူးလာတာကြောင့် ထိုင်ခုံတွင် ပြန်၍မှီထိုင်လိုက်သည်။ လင်းသက်က ...

''ခေါင်းမူးနေလို့လား ... ထိုင် ထိုင် ... ကိုယ့်ဘာသာ သွားလုပ်





လိုက်မယ်၊ ခုနက ဆရာဝန်ကိုပြောတော့ ဘာမှမဖြစ်ဘူးဆို''

''အင်း ... ဆေးရုံတက်ရမှာစိုးလို့၊ ဝတီ ဆေးရုံမတက်ချင်ဘူး ကိုရယ်''

လင်းသက် ခေါင်းကိုယမ်းလိုက်ပြီး ထမင်းဟင်းခူးခပ်ရန် အိမ်နောက်ဖေးသို့ဝင်ပြီး ဟင်းအိုးအဖုံးကို ဖွင့်လိုက်ရာ ...

''ဟာ ... ဘာမှ မရှိပါလား''

အိုးတစ်ခုလုံး ပြောင်နေသည်။ ထမင်းအိုးထဲမှာတော့ ထမင်းက အပြည့်။ လက်ရာမယွင်းပေ။ ဝတီ့ကိုမေးဖို့ စဉ်းစားသော်လည်း အိုးက ဆေးဘားတာမဟုတ်။ တစ်စုံတစ်ယောက် တက်စားသွားတဲ့ပုံသဏ္ဌာန် ဖြစ်နေတာကြောင့် မမေးတော့ဘဲ နေလိုက်တော့လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

## စိတ်အစွဲကြောင့်

နောက်ရက်တွေမှာ လင်းသက် အလုပ်သွားတာနဲ့ ကုလားမလေး နော်ကူးက အဖော်အဖြစ် ဝတီနှင့်အတူ လာနေပေးသည်။

"နှင်လာနေပေးတဲ့အတွက် ကျေးဇူးပါပဲ နော်ကူးရယ်၊ ငါတစ်ယောက်တည်းဆို ကြောက်လွန်းလို့ အခန်းထဲက အပြင်တောင် မထွက်ရဲဘူး"

"ဘာဖြစ်လို့လဲ အစ်မ"

"ဟိုလေဟာ ဟိုရက်က တံခွန်ရှေ့မှာ ကားတိုက်ပြီး သေသွားတဲ့လူကို သိတယ်မဟုတ်လား"

"သိတယ် အစ်မ"

"အဲဒီလူက ငါ့ဆီလာတယ်"

"ရှင်"

ဝတီ့စကားကြောင့် နော်ကူးလန့်သွားပြီး ခေါင်းပင်ကြီးသွားသည်ဟု





ထင်ရသည်။

"ငါ သူ့ကို တကယ်တွေ့တာ ... ကြောက်ဖို့ ကောင်းလိုက်တာ ဟယ်"

"အစ်မ စိတ်ထင်လို့နေမှာပါ ... ဖြစ်နိုင်မယ်မထင်ပါဘူး။ တစ်ခု တော့ ရှိတယ်"

"ဘာ ... ဘာလဲဟင်"

"အဲဒီလူသေပြီး ဟိုအိမ်ကြီးမှာ လာနေတာနေမှာပေါ့၊ အဲဒီအိမ်ကြီး မှာ နဂိုကတည်းက တစ္ဆေသရဲတွေနေတာလေ"

နော်ကူးက ခေါင်းရင်းခြံမှ အိမ်မည်းကြီးကို ရည်ညွှန်းပြီး ပြောဆို နေမှန်း ဝတီသိသည်။

"အဲဒီအိမ်မည်းကြီးမှာ သရဲတစ္ဆေတွေ တကယ်ရှိတာလား နော်ကူး"

"အရပ်ထဲမှာ ပြောနေကြတာပဲ၊ လပြည့်လကွယ်ညဆိုရင် အဲဒီအိမ် ဝရန်တာမှာ ကောင်မလေးတစ်ယောက် ထွက်ရပ်နေတယ်တဲ့"

"ဟင် ... ဟုတ်လား ... နော်ကူးတွေ့ဖူးလို့လား"

"ကျွန်မ ဒီဘက်ကို ညဘက်မရောက်တော့ မသိဘူး၊ သူရပ်တယ် ဆိုတာကလည်း သန်းခေါင်အချိန်လောက်ဆိုတော့ ဘယ်မြင်ဖူးမလဲ"

နော်ကူးတို့နေသည့်ခြံက သူတို့ခြံနှင့် အနည်းငယ်လှမ်းသလို အတွင်း ပိုင်းလည်း ကျသည်။ နော်ကူးက လာသာနေပေးသည်။ ညနေလေးနာရီ လောက်ဆို သူ့အိမ် ပြန်လို့သွားသည်။

လေးနာရီလောက်မှ ညနေခြောက်နာရီ လင်းသက် ပြန်မလာခင်ထိ ကို ဝတီတစ်ယောက်တည်း နေခဲ့ရသည်။

ကိုအောင်မြိုင်ကတော့ မသေခင် သူ့ကိုနာကြည်းနေမှာ အမှန်ပင်။ ဈေးစပ်ပွဲလုပ်မည့်အချိန်တွင် ထွက်ပြေးခဲ့တာမို့ သူ့အသိုင်းအဝိုင်းကြားတွင် အရှက်တကွဲ အကျိုးနည်းဖြစ်နေမှာပင် ဖြစ်သည်။

သူ့အပေါ် အလွန်တပ်မက်စွဲလမ်းခဲ့သော ကိုအောင်မြိုင့်ကို လုပ်ခဲ့ သည့် သူ့လုပ်ရပ်ကြောင့် အခု ကိုအောင်မြိုင်သေတော့ ဝိညာဉ်အနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်စားချေတာလား။

ဒါမှမဟုတ် . . .

စွဲလမ်းခဲ့တဲ့စိတ်ကြောင့် ဝတီ့အနားတွင် မကျွတ်မလွတ် ဖြစ်နေတာလားတော့ မသိ။ တစ်နေ့ရာရာကို အမှတ်မထင် ကြည့်လိုက်လျှင် ကိုအောင်မြိုင်၏ ပြုံးကျယ်နေသောမျက်လုံးကြီးနှင့် ကြည့်နေသည်ကို မြင်နေရလေသည်။

တစ်ခါတစ်ရံ အိမ်နောက်ဘက်မှ အိုးသံခွက်သံတို့ ကြားရသလို "ဟင်း" ခနဲ သက်ပြင်းချသံကြီးကိုလည်း နားထဲ ကြားယောင်မိသည်။

နော်ကူးပြန်သွားသည်နှင့် ဝတီ အခန်းထဲက မထွက်တော့။ စာအုပ်တစ်အုပ် ဖတ်လျှင်ဖတ်၊ ဒါမှမဟုတ် စောင်ကိုခေါင်းမြီးခြုံကာ နေလိုက်သည်။

တစ်ခါတစ်ရံမှာတော့ သူတို့အိပ်သည့်အခန်းကနေ ခေါင်းရင်းရှိ အိမ်မည်းကြီးကို လှမ်းမြင်နေရတာမို့ ဘာရယ်မဟုတ် ငေးကြည့်နေလေ့ရှိသည်။

အိမ်မည်းကြီးထဲက အသံတွေ ကြားနေရသလိုလို၊ လူရိပ်တွေပဲ မြင်နေရသလိုလို စိတ်ထဲ ထင်နေမိသည်။

"ဟူး"

အိမ်ရှေ့က ကားသံကြား၍ ဝတီ အခန်းထဲမှ အိမ်ရှေ့သို့ ပြေးထွက်လာသည်။

"ကို . . . ပြန်လာပြီလား"

အလုပ်မှပြန်လာသည့် လင်းသက်ကို ကားတံခါးဖွင့်ကာ ကြိုလိုက်သည်။

"တစ်ယောက်တည်း ပျင်းနေပြီလား ဝတီ"

"နော်ကူး ပြန်သွားရင် ပျင်းတာပေါ့။ တစ်နေကုန် နေပေးရှာပါတယ် . . . လေးနာရီလောက်မှ ပြန်သွားတာလေ"

"အေးကွာ . . . ကိုယ်လည်း ဝတီအဖော်ရအောင် အိမ်အကူ ကောင်မလေးတစ်ယောက်ကို ရုံးက သန့်ရှင်းရေးအဒေါ်ကြီးကို မှာထားပေးတယ်"

လင်းသက်ပြောတာကို ဝတီက စိတ်ဝင်စားစွာဖြင့် . . .





"မြန်မြန်ရအောင်မှာပေး ကိုရာ၊ နော်ကူးကို ကြာရင် အားနာ ကောင်းတယ်"

"ဟုတ်ပါပြီ၊ အဲဒီအဒေါ်ကြီးကလည်း ရွာက သူ့တူမကို အမြန်ဆုံး ခေါ်ပေးမှာပါ"

"ပြီးရော၊ ရေချိုးလိုက် . . . ဝတီ ထမင်းပွဲပြင်ထားလိုက်မယ်"

"ကောင်းပါပြီဗျာ"

လင်းသက်က အဝတ်အစားများချွတ်၍ ရေချိုးခန်းထဲသို့ ဝင်သွားသည်။ ဝတီကတော့ ထမင်းစားရန်အတွက် ပြင်ဆင်ပြီး လင်းသက်ကို စောင့်လိုက်သည်။

လင်းသက်က ဝတီ့ကို လွန်စွာချစ်ရှာသလို ဂရုတစိုက်လည်း ရှိရှာ၏။ အဖေ၊ အမေရဲ့ စွန့်ပယ်ခြင်းကိုခံရတဲ့ ဝတီ့အပေါ် ကရုဏာသက်တာ ပါသည်။

ဝတီကလည်း လင်ယောကျ်ားအပေါ် လိုအပ်တဲ့ ပြုစုယုယမှုတွေ အလိုက်တသိ လုပ်ပေးတာကြောင့်လည်း သူတို့အိမ်ထောင်ရေးမှာ သာယာယာနှင့်ရှိသည်။ ထမင်းစားနေရင်း လင်းသက်က . . .

"ဒီအိမ်ပိုင်ရှင် ကိုယ့်သူငယ်ချင်း၊ ဒီနေ့ ကိုယ့်ဆီ ဖုန်းဆက်တယ်"

"ဘာတဲ့လဲ ကို . . . ပြန်လာတော့မယ်တဲ့လား"

"နောက် သုံးလေးနှစ် ကြာဦးမယ်တဲ့၊ သူ့အိမ်နဲ့ခြံကို စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးအရမ်းတင်တယ်လို့ ပြောတယ်"

"ဒါဆို ဝတီတို့ ဒီအိမ်ကြီးမှာ ကြာဦးမှာပေါ့"

ဝတီက စိတ်ပျက်ပျက်နှင့် လင်းသက်ကို မေးလိုက်သည်။

"ဝတီ ကြာကြာမနေချင်လည်း နောက်တော့ ကြည့်စီစဉ်တာပေါ့ ကို ငွေစုနေပါတယ်"

"ကိုရယ် . . . ဝတီ့ပစ္စည်းတွေ ထုခွဲလိုက်ရင် ရပါတယ်"

"နေ နေ . . . ဝတီ့ပစ္စည်းတွေ ထိလို့မဖြစ်ဘူး၊ ကိုလုပ်အားနဲ့ အောင် ဝယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းသက်က ဝတီရဲ့ပစ္စည်းတွေကို လုံးဝမယ်ထိ။ အစစအရာရာ ကုန်ကျသမျှကို သူ့ငွေကြေးသာ အမြဲသုံးသည်။

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ... ဝတီ့ပစ္စည်းက ကို့ပစ္စည်းပဲ မဟုတ်လား"

"ကိုတို့ရင်သွေးလေးရရင် သူ့အတွက် ထားလိုက်၊ သူ့အမေပစ္စည်း သူပိုင်သင့်တာပေါ့"

"ကိုနော် ... ဘာတွေပြောနေတာလဲ ... ဝတီရှက်တယ်"

ဝတီက ခေါင်းကိုငုံ့ပြီး ရှက်ရွံ့သည့်အမူအရာဖြင့် ပြောလေသည်။

"ဘာရှက်စရာလဲ အမေကြီးရဲ့"

"ကိုနော် ... ပြောမရရင် ... ကဲဟယ် ကဲ"

ဝတီဟု လင်းသက်ရဲ့ဗိုက်ကို သူ့လက်ဖြင့်လိမ်ဆွဲလိုက်သည်။

"အား ... နာလိုက်တာ"

"ဒါ နမူနာပဲ ရှိသေးတယ်"

ထိုအချိန်တွင် ...

'ဂွမ်'

"ဟာ ... ဘာသံလဲ ... အိမ်နောက်ဖေးကပဲ"

သူတို့ ထမင်းစားနေသည့် အခန်းနောက်မှ ထွက်လာတဲ့အသံကြောင့် နှစ်ယောက်သား အံ့ဩပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

"ကို သွားကြည့်လိုက်မယ်"

"ဝတီလည်း လိုက်မယ်"

သူတို့နှစ်ယောက် ထမင်းစားခန်းကထွက်လာပြီး မီးဖိုခန်းထဲသို့ ဝင်လာကာ အခြေအနေကို ကြည့်လိုက်၏။

"မီးဖိုပေါ်က ဟင်းအိုး ပြုတ်ကျတာပဲ၊ ဟာ ... ဟင်းတွေလည်း မရှိတော့ဘူး"

ဟင်းအိုးထဲတွင် ဝတီချက်ထားသည့် အမဲသားဟင်းမှာ တစ်တုံးမှပင်





မကျန်တော့။ အားလုံး ပြောင်လို့နေသည်။ ဝတီက ထိတ်လန့်စွာ လင်းသက် လက်မောင်းကို အတင်းဆုပ်ထားသည်။

လင်းသက်က အခြေအနေကို ကြည့်ပြီး ...

"ခွေးတစ်ကောင်ကောင် ဝင်စားသွားတာနေမှာပါ၊ အသားကလည်း သိပ်မကျန်တော့ဘူးမဟုတ်လား"

ပြော၍ ဟင်းများမရှိတော့သည့်အိုးကို ပြန်၍ကောက်ကာ စင်ပေါ် တင်ထားလိုက်သည်။

"လာ ... ထမင်းပြန်စားမယ်၊ ထမင်းစားရတာ အာရုံနှောက်တယ်"

"ဝတီ မစားချင်တော့ဘူး ... ကိုပဲစားလိုက်တော့"

"လာပါ ဝတီရယ် ... စိတ်ထဲက ဘာမှမထားနဲ့ ဒါ ကြောက်စရာ လည်း မဟုတ်ဘူး၊ လာ ... ကိုတို့ ထမင်းဆက်စားကြမယ်"

လင်းသက်က ချော့မော့ပြောဆိုသောကြောင့် ဝတီ ထမင်းစားခန်းသို့ ပြန်လာကာ နှစ်ယောက်အတူတူ ထမင်းစားလိုက်ကြသည်။

ထိတ်လန့်နေသော ဝတီရဲ့မျက်နှာအမူအရာက ဘယ်နေရာကိုမှ ရဲရဲ ပင် မကြည့်ရဲတော့လောက်အောင် ဖြစ်နေလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

## အိမ်မည်းကြီးမှာနေတယ်

လူတစ်ကိုယ်လုံး လေထဲတွင် လွင့်မျောနေသည်။ တစ်ကိုယ်လုံးလည်း အေးစက်လို့နေသည်။ အိမ်ထဲတွင် တစ်ယောက်တည်းမို့ တိတ်ဆိတ်နေသည်။

အခန်းပြတင်းပေါက်ကနေ အိမ်မည်းကြီးဆီသို့ အကြည့်ရောက်သွားသည်။

"ဟင် . . . ကိုအောင်မြိုင်"

အိမ်မည်းကြီး ဝရန်တာတွင် မတ်တတ်ရပ်နေသော အောင်မြိုင်ကို တွေ့လိုက်ရသည်။

နဂိုကတည်းမှ ရုပ်ဆိုးလှသည့်ရုပ်ရည်က အခုလို ညအမှောင်တွင် ပို၍ချောက်ချားစရာ ကောင်းလှ၏။

ကိုအောင်မြိုင်ကြည့်နေတာက သူရှိနေသည့် အခန်းဆီသို့ ဖြစ်သည်။

"ဟင်"





ဝတီကြည့်နေရင်းမှပင် အိမ်မည်းကြီးဝရန်တာတွင် ကိုအောင်မြိုင်ကို မတွေ့ရတော့။

"သူ . . . သူ ဘယ်ရောက်သွားပြီလဲ"

တွေးနေစဉ် စိတ်ထဲ သိပ်မသင်္ကာသဖြင့် နောက်လှည့်ကြည့်လိုက်ရ

"ရှင် . . . ရှင် . . . ကိုအောင်မြိုင်"

သူ့အခန်းဝတွင် မျက်လုံးကြောင်ကြီးဖြင့် ရပ်နေသော အောင်မြိုင်ကို တွေ့ရလေသည်။

"ရှင် ဘာလာလုပ်တာလဲ . . . မလာနဲ့"

အတင်းကြုံးပြီး အော်လိုက်သော်လည်း အောင်မြိုင်က ပျောက်သွာ ခြင်းမရှိဘဲ ပေ၍ရပ်နေသည်။

အသားကမည်းမည်း၊ ခေါင်းက ပြောင်ပြောင်၊ ခေါ်နေသည့် သွားမှ အပြင် ပြူးကြောင်ပြီး သေနေသည့်မျက်လုံးက ဝတီ့ကို ကြည့်နေသလို ဖြစ်သည်။

"ရှင် . . . ရှင် . . . သွားနော် . . . ရှင် ထွက်သွား . . . မလာနဲ့"

ဝတီက အော်သော်လည်း အောင်မြိုင်က မလှုပ်တဲ့အပြင် တဖြ ဖြည်းနှင့် သူ့လက်တစ်ဖက်မြှောက်လာပြီး ခေါင်းစိုက်ကျသွားကာ ဝတီ့ လက်ညှိုးထိုးလိုက်၏။

"ရှင် ဘာလုပ်ချင်တာလဲ၊ ရှင့်ကို ကျွန်မကြောက်တယ် . . . သွား တော့"

အောင်မြိုင်က ခေါင်းကိုစိုက်လျက်နှင့် ယမ်းလိုက်သည်။ ဝတီ သွေးရူးသွေးတန်းနှင့် . . .

"ရှင် ကျွန်မကိုခွင့်လွှတ်ပါ . . . ကျွန်မ ရှင့်ကို ရုပ်ဆိုးလွန်းလို့ မထပ်ခဲ့တာပါ၊ ကျွန်မကို နားလည်ပါနော်"

အောင်မြိုင် ခေါင်းကို ခါယမ်းလိုက်၏။ ပြီးနောက် စိုက်ထား ခေါင်းက တဖြည်းဖြည်း ပြန်မော့လိုက်ရာ . . .

"ဟာ . . . ဟာ . . . ရှင့်မျက်နှာက"

www.burmeseclassic.com



ကားတိုက်ခံရစဉ် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့်ပုံ ဖြစ်နေလေရာ ဝတီ နောက်သို့ တဖြည်းဖြည်းဆုတ်သွားသည်။

အောင်မြိုင်က တစ်လှမ်းချင်း ရှေ့သို့တိုးကပ်လာလေရာ ဝတီ သူ့ကိုယ်ကို လက်နှင့်ကာထားလိုက်သည်။

စိတ်ထဲတွင်လည်း လင်းသက်ကို သတိရသွားပြီး . . .

"ကို . . . ကို . . . ဘယ်ရောက်နေလဲ"

အရေးထဲ လင်းသက်က ဘယ်ရောက်နေမှန်းမသိ။ ဝတီ အသားတွေလည်း တဆတ်ဆတ်တုန်လို့နေ၏။ ဖောချွေးတွေကလည်း ပြန်နေရာ ဝတီ အသက်ရှူပင် ရပ်လို့သွားချင်နေမိသည်။

"ရှင် ရှေ့မတိုးနဲ့ . . . ဆက်မတိုးလာနဲ့နော်"

အသံကုန်အော်ဟစ်လိုက်ရာ အောင်မြိုင် ရုတ်တရက် တစ်လှမ်းချင်း လှမ်းသည့်ခြေလှမ်းတို့ ရပ်သွားသည်။

"ရှင့်ကို ကျွန်မ တောင်းပန်ပြီးပြီလေ၊ ရှင်သေတာ ရှင့်ဘာသာ ကားတိုက်သေတာ . . . ကျွန်မနဲ့ ဘာမှ မဆိုင်ဘူး"

ဝတီက စကားကို အထစ်ထစ်အငေါ့ငေါ့နှင့် ရှင်းပြသည်။ သူကိုယ်တိုင်ကလည်း ထွက်ပေါက်တစ်ခုကို ရှာသည်။ သို့သော် . . .

အခု သူ့အနေအထားက ချောင်ပိတ်မိနေလေပြီ။ အောင်မြိုင်၏လှုပ်ရှားပုံကို ကြည့်နေရင်း အောင်မြိုင် ရုတ်တရက် သူ့ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်။

ဝတီ့ဆီသို့ တန်းမတ်စွာပြေးထွက်လာပြီး အတင်းဖိကာ တွန်းချလိုက်သည်။

"အား"

ဝတီ ပြင်းထန်စွာ အော်ဟစ်လိုက်သည်။ ထို့နောက် . . .

သူ့တစ်ကိုယ်လုံး လေထဲမြောက်တက်လို့သွားသလို သူ ဘာဆိုဘာကိုမှ လုံးဝ မမြင်တွေ့ရတော့။

❖

ရဲရင့်ခအောင်စာပေ



"ဝတီ . . . ဝတီ . . . ဘာဖြစ်တာလဲ"

"ဟင်း ဟင်း"

တစ်ကိုယ်လုံး ချွေးတွေပျံနေသော ဝတီ့ကို လင်းသက် စိတ်ပူစွာနှင့် ခေါ်လိုက်သည်။

"ဟို . . . ဟို . . . ကိုအောင်မြိုင် ဝတီ့ကိုလေ . . ."

မျက်လုံးလည့်၍ ပြောနေသောဝတီ့ကို လင်းသက်က . . .

"ဘယ်သူမှ မရှိပါဘူး ဝတီရဲ့ . . . ဝတီ အိပ်မက်မက်နေတာပါ"

"မဟုတ်ဘူး . . . ဝတီ အိပ်မက်မက်တာ မဟုတ်ဘူး၊ ကိုအောင်မြိုင် ဝတီ့ဆီ တကယ်လာတာ . . . ဒီအခန်းထဲကိုပဲ"

လင်းသက် သက်ပြင်းချလိုက်ပြီး သောက်ရေတစ်ခွက်ခပ်ကာ ဝတီ့ကို တိုက်လိုက်သည်။

ဝတီက ရေသောက်ပြီးနောက် . . .

"ကိုက ဘယ်သွားနေတာလဲ"

"ဟင် . . . ကို ဘယ်သွားနေလို့လဲ၊ ဝတီနဲ့အတူ အိပ်နေတာလေ"

"မဟုတ်ဘူး၊ ကိုအောင်မြိုင်လာတော့ ကို မရှိဘူး။ ဝတီကြောက်လိုက်တာ မပြောပါနဲ့ . . . သူ ဝတီ့ကို သေအောင်သတ်တာ"

"ကဲပါ ဝတီရယ် . . . ပြန်အိပ်နော်၊ ကို ဘုရားစာရွတ်ပေးမယ်"

လင်းသက်က ဝတီ့ကို ရင်ခွင်ထဲထည့်ထားပြီး အန္တရာယ်ကင်း ပရိတ်တရားကို ရွတ်ပေးရာ မကြာခင်မှာပဲ ဝတီ ပြန်၍အိပ်ပျော်သွားလေတော့သည်

❖ ❖ ❖

ရဲရင့်ခအောင်စာပေ

www.burmeseclassic.com

## အခန်း ( ၁၁ )

# မြို့ဝ မှ အ ဓောင့်

လင်းသက် သူ၏ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သူ သီဟအား လက်ဖက်ရည်ဆိုင်သို့ခေါ်ကာ စတီဖြစ်ပျက်နေသည့် အကြောင်းတို့ကို ပြောပြလိုက်သည်။

''အဲဒါပဲ သီဟ . . . ငါ ဘယ်လိုလုပ်လို့လုပ်ရမှန်းတောင် မသိတော့ဘူး''

''မင်းမိန်းမ အမြဲဖြစ်နေတာလား''

''အမြဲ ထိတ်လန့်နေတယ်၊ သူတစ်ယောက်တည်းဆို ပိုဆိုးတာပေါ့ကွာ''

သီဟက စဉ်းစဉ်းစားစားနှင့် . . .

''တစ်ခါတလေ စိတ်ကြောင့်ဖြစ်တာတွေ ရှိတယ်၊ အစွဲတွေပေါ့၊ တတ်နိုင်သမျှ သူ့စိတ်ကို ငြိမ်အောင်ထားနိုင်း၊ ဘာသာရေးလုပ်နိုင်းပေါ့ လင်း





သက်ရယ်''

''အေးကွာ . . . ငါလည်း စိတ်ညစ်တယ်၊ ဘာလုပ်ရမှန်းကို မသိတော့ဘူး''

လင်းသက်၏ ညည်းညည်းညူညူစကားကြောင့် သီဟက . . .

''ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့၊ နောက်တော့ နေသားကျသွားရင် အဆင်ပြေမှာပါ၊ မင်းတို့အိမ်ကလည်း လူနည်းတာ ပါတယ်''

''မင်းမိန်းမကို အဖော်လေးဘာလေး ရှာပေးလိုက်၊ စိတ်တစ်မျိုးပြောင်းသွားအောင်ပေါ့''

''ငါလည်း ရှာထားပါတယ် . . . ဒီရက်ပိုင်း ရောက်မယ်ထင်တာပဲ''

နယ်ဘက်က အိမ်အကူကောင်မလေးတစ်ယောက် ရောက်လာမည့် အကြောင်းကို သီဟကို ရှင်းပြလိုက်သည်။

ထို့နောက် သီဟနှင့် တခြားအလုပ်ကိစ္စအကြောင်းများပြော၍ လက်ဖက်ရည်ဆိုင်မှ ပြန်လာခဲ့ကြသည်။

ညနေ အိမ်ပြန်ရောက်တော့ ဝတီက . . .

''ဒီနေ့ ခေါင်းတွေ တအားမူးတယ် ကိုရယ်၊ ရင်ထဲမှာလည်း အီလယ်လယ်ကြီး၊ အန်တာလည်း ခဏခဏပဲ၊ ဘာလုပ်ရမှန်းမသိလို့ ကိုပြန်လာအောင်စောင့်နေတာ''

အိပ်ရာပေါ်ကနေ မထနိုင်ဘဲပြောတဲ့ ဝတီ့ကို လင်းသက်က စိုးရိမ်စွာဖြင့် . . .

''ဆေးခန်းသွားပြမယ်လေ''

''ကို ရေချိုးပြီး ခဏနားပါဦး . . . ညရောက်မှ သွားတာပေါ့''

''ရပါတယ်၊ ဝတီ နေမကောင်းဖြစ်နေတာပဲ၊ ဆေးခန်း အရင်ပြမယ်၊ ပြန်လာမှ ကို ရေချိုးထမင်းစားတော့မယ်''

ဝတီ့ကို လင်းသက်က အသာပွေ့ခေါ်ကာဆွဲထူလိုက်ပြီး တွဲ၍ ခြံထဲကားဆီသို့ ခေါ်လာခဲ့သည်။

ထိုစဉ် ခြံထဲသို့ ကျော်စွာနှင့်နော်ကူးတို့လင်မယား ဝင်လာတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သွားဆုံသည်။

ကျော်စွာက ...

"အစ်မ နေမကောင်းဘူးလို့ နော်ကူးကပြောလို့ ဒီနေ့ ကားသိမ်းတာ စောတာနဲ့ လာတာ"

"ဟုတ်တယ် ကျော်စွာ၊ အခုပဲ မင်းအစ်မကို ဆေးခန်းသွားပြမလို့ မင်းတို့ပါလိုက်ခဲ့လေ"

"လိုက်မယ် အစ်ကို ... လိုက်မယ်"

ဝတီကို ကားနောက်ခန်းထဲပို့ပြီး လင်းသက်က အိမ်တံခါးများကို လိုက်ပိတ်လိုက်သည်။

ကျော်စွာက ကားကိုမောင်းကာ ဆေးခန်းသို့ သွားကြသည်။ ဆေးခန်းရောက်တော့ ဆရာဝန်က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုတို့ကို လုပ်ကာ လင်းသက်အား ...

"ခင်ဗျားမိန်းမမှာ ကိုယ်ဝန်ရှိနေပြီ"

"ဗျာ ... ဟုတ်လား"

"ဟုတ်တယ်၊ လိုအပ်တဲ့ ကျန်းမာရေးစစ်ဆေးမှုကို ပုံမှန်လုပ်ပါ၊ နေ့ စဉ် ပုံမှန်သောက်ဖို့ဆေးလည်း ပေးလိုက်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဝတီ့မှာ ကိုယ်ဝန်ရှိနေသည်ဆိုတော့ မကြာခင် သူဟာ ကလေးအဖေ ဖြစ်တော့မည်ဆိုတဲ့အတွေးနှင့် ရင်ထဲ အလွန်ပျော်လို့သွားသည်။

ဝတီ့မျက်နှာမှာလည်း ကျေနပ်တဲ့ ပီတိအပြုံးတွေ ဝေလို့နေသည်။

"ဝတီ ... အစားအသောက်၊ အနေအထိုင်နဲ့ ကျန်းမာရေးကို ဆင်ခြင် ရမယ်နော်၊ အလေးအပင်တွေ မ,မရဘူး၊ တတ်နိုင်သမျှ ကိုယ့်စိတ်ကို သန့်ရှင်း အောင် ထားပါ၊ ကြောက်လန့်ထိတ်လန့်စရာတွေ မတွေးရဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာဝန်ကလည်း လင်းသက်နှင့်ဝတီတို့ကို ရင်းနှီးစွာ လိုအပ်သည့် များကို အသေးစိတ်မှာသည်။





ဝတီ့မှာ ကိုယ်ဝန်ရှိကြောင်း ကျော်စွာနှင့်နော်ကူးတို့သိတော့ လွန်စွာ ပင် ဝမ်းသာကြသည်။

ကျော်စွာက ...

"ကျွန်တော်တို့ အိမ်ထောင်ကျတာ တစ်နှစ်ကျော် နှစ်,နှစ်ရှိပြီ နော် ကူးမှာ ကိုယ်ဝန်ကို မရဘူး၊ အခုတော့ လပိုင်းပဲရှိတဲ့ အစ်ကိုတို့က ကလေးရပြီ ဝမ်းသာတယ်ဗျာ၊ နော်ကူး ... နင့်အစ်မကို အရင်ထက် ပိုဂရုစိုက် ... ကြား လား"

"ကြားပါတယ်၊ အစ်မ ဘာမှမပူနဲ့နော် ... အစ်မ ကလေးမွေးရင် ကျွန်မ,ထိန်းမယ်"

ကျော်စွာနှင့်နော်ကူးတို့ နှစ်ယောက်လုံးက လိုက်လိုက်လှဲလှဲ၊ ဝတီက ရှက်ရွံ့စွာနှင့် ခေါင်းကိုငုံ့ကာ ညိတ်ပြသည်။ ဝမ်းအသာဆုံးဖြစ်တဲ့ လင်းသက် ကတော့ ...

"ယောက်ျားလေးမွေး ဝတီ၊ ကိုယ်က ယောက်ျားလေးလိုချင်တာ၊ ဒါမှ အဖေနဲ့တူပြီး ရုပ်ချောမှာ"

"အို ... ဘယ်သိမှာလဲ၊ ယောက်ျားလေးမမွေးဘဲ ဝတီ မိန်းကလေး မွေးရင် ကိုယ်က မချစ်ဘူးလား"

နော်ကူးကပါဝင်ပြီး ...

"ဟုတ်သားပဲ အစ်ကို ... ဘုရားပေးတာ ရမှာပေါ့"

"ကဲပါဗျာ ... ဘာလေးပဲမွေးမွေး ကိုယ်က ကိုယ့်ရင်သွေးကို ချစ်မှာ ပေါ့"

ဝတီက ကျေနပ်စွာနှင့် လင်းသက်ပခုံးကို ခေါင်းနှင့်မှီထားလိုက်သည်။

ဆေးခန်းကပြန်တော့ ကျော်စွာကပင် ကားကိုမောင်းလာခဲ့သည်။ လင်းသက်နှင့်ဝတီက နောက်ခန်းတွင်ထိုင်ကာ နော်ကူးက ကားမောင်းသည့် ကျော်စွာ့ဘေးထိုင်ခုံတွင် ထိုင်သည်။

ကားလေးက ညအမှောင်ထဲတွင် တရိပ်ရိပ်နှင့် မောင်းလာခဲ့သည်။ သိပ်မကြာခင်မှာပဲ လင်းသက်တို့ခြံသို့ ရောက်လာသည်။ ထိုည



www.burmeseclassic.com

www.burmeseclassic.com



ဝတီက . . .

“ဟာ . . . ဟို . . . ဟိုမှာ”

ခြံတံခါးဘေးသို့ လက်ညှိုးထိုးကာပြလိုက်သည်။ မျက်နှာကလည်း လွန်စွာ ထိတ်လန့်နေပုံရသည်။

လင်းသက်က . . .

“ဘာလဲ ဝတီ . . . ဘာကိုတွေ့လို့လဲ”

“ကို . . . ကိုအောင်မြိုင် ဝတီ့ကို ကြည့်နေတယ်”

‘ကျွီ’

ကျော်စွာက ကားဘရိတ်အုပ်လိုက်သည်။ ကားမီးက ခြံဝသို့ ထိုးထားသည်။ ဝတီကတော့ မျက်လုံးကြောင်ပြီး ခြံဝဘေးကို ကြည့်နေတာမို့ လင်းသက်က . . .

“ဝတီ . . . ဘာမှ မရှိပါဘူး။ ကိုယ်ပြောတာမယုံရင် ကျော်စွာနဲ့နော်ကူး ကို မေးကြည့်”

“ဟုတ်တယ် အစ်မ . . . ဘာမှ မရှိပါဘူး”

ဝတီ ခြံဝဘေးတွင် သူ့ကို သေချာစိုက်ကြည့်နေသော အောင်မြိုင်ကို

“ရှင် . . . သွား . . . ကျွန်မကို ဘာနှောင့်ယှက်မလို့လဲ”

အော်၍ ပြောလေရာ လင်းသက်က . . .

“ဝတီ . . . သတိထားလေ သတိထား၊ ကျော်စွာ . . . မောင်း . . . ကားကို အိမ်ထဲသာမောင်း”

ပြောလိုက်ရာ ကျော်စွာက ကားဂီယာကိုထိုး၍ မောင်းထွက်လာလေသည်။

ကားက ခြံထဲဝင်မည်အပြု ဝတီ မှန်တံခါးအပြင်ဘက်ကို ကြည့်၍

“အား”

“ဟာ . . . ဝတီ . . . ဘာဖြစ်တာလဲ”

ဝတီ ဘာမှမပြောဘဲ လင်းသက်ရင်ခွင်ထဲသို့ ခေါင်းဝင်ကာ ဖွက်ထားလိုက်လေသည်။





အသားများ တဆတ်ဆတ်တုန်နေသော ဝတီ့ကို စိတ်မကောင်းစွာနှင့် ပခုံးကိုဖက်ထားရင်း လင်းသက်တစ်ယောက် သက်ပြင်းကို အကြိမ်ကြိမ် ချမိလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

# ရုပ်ဆိုးသူ

ဝတီ ကိုယ်ဝန်ရှိတာကို သိပြီဆိုတာနှင့် လင်းသက် ဝတီအဖော်ရစေရန် အိမ်အကူတစ်ယောက်ကို အမြန်ရှာရာ အညာဒေသမှ ဆယ့်ငါးနှစ်အရွယ် ကောင်မလေးတစ်ယောက် ရသည်။

ကောင်မလေးကလည်း အသက်ငယ်ပေမယ့် သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိတာမို့ ဝတီ အားကိုးရသလို တစ်ယောက်တည်းနေရတဲ့သူ့အတွက် အဖော်ရလာသည်။

အိမ်အကူမလေးနာမည်မှာ မိဖင်ဖြစ်ပြီး ဝတီတို့လင်မယားကိုလည်း အစ်မရင်း၊ အစ်ကိုရင်းလို ခင်မင်ရှာသည်။ ဝတီတို့ကလည်း အိမ်အလုပ်သမားဟု သဘောမထားဘဲ ညီမလေးအရင်းသဖွယ် ကူညီစောင့်ရှောက်ကြသည်။

"မမ . . . မိဖင် အဝတ်လှန်းလိုက်ဦးမယ်"

"ဪ . . . အေး အေး"





မိဖင်က လျှော်ပြီးသားအဝတ်တွေကို ဇလုံထဲထည့်ကာ အိမ်ခေါင်းရင်းကြိုးတန်းများရှိရာသို့ ထွက်သွားသည်။

ဝတီလည်း ညှော်ခန်းထဲတွင် ဆက်တီခုံများကို ဖုန်များသုတ်၍နေသည်။

"မမရေ . . . မမ"

မိဖင်က အော်၍ အိမ်ထဲသို့ပြေးဝင်လာရာ ဝတီက . . .

"ဟဲ့ . . . ဘာဖြစ်တာလဲ . . . အလန့်တကြား"

"ဟိုလေ . . . ဟို . . ."

မိဖင်၏ပုံက လွန်စွာကြောက်လန့်နေကာ စကားများပင် ချက်ချင်းပြောမထွက် ဖြစ်နေ၏။

"ပြောလေ . . . ဘာဖြစ်လို့လဲ . . . အလန့်တကြားနဲ့"

"ဟို . . . ဟိုခေါင်းရင်းခြံက . . ."

"ဟင်"

ဝတီ့အကြည့်က မှန်ပြတင်းပေါက်များကိုကျော်၍ ခေါင်းရင်းအိမ်မှ အိမ်မည်းကြီးအား လှမ်းကြည့်မိသည်။ မိဖင်က . . .

"မိဖင် အဝတ်လှန်းနေတုန်း အသားမည်းမည်း၊ သွားခေါခေါ၊ ခေါင်းတုံးနဲ့လူကြီးတစ်ယောက် ဒီအိမ်ကြီးကို လှမ်းကြည့်နေတယ်"

"ဟင်"

ဝတီ့မျက်လုံးတွင် အောင်မြိုင်၏ရုပ်ပုံကို ချက်ချင်း ပြေးမြင်မိသည်။

"တကယ်ပြောတာ မမ . . . ရုပ်က ကြောက်စရာကြီး၊ ဆိုးလိုက်တာ ပြောမနေနဲ့"

"အဲဒီအိမ်ကြီးမှာ လူမနေပါဘူး"

"မသိဘူး မမ၊ အဲဒီလူက လူအစစ်တော့ မဖြစ်နိုင်ဘူး . . . သရဲတစ္ဆေပဲ ဖြစ်မှာ၊ မိဖင် အဲဒီလူလောက် ရုပ်ဆိုးတဲ့လူ တစ်ခါမှမတွေ့ဖူးဘူး"

မိဖင်က ကလေးပီပီ သူထင်ရာကို လျှောက်ပြောနေသည်။ ဝတီကတော့ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ဘာမှမပြောဘဲ ထိုင်ခုံတွင် ခြေပစ်လက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်သည်။

ခဏကြာမှ မိဇင်ကို ...

"အဝတ်တွေ အကုန်လှန်းခဲ့လား မိဇင် ... ကျန်သေးလား"

"မကျန်တော့ဘူး မမ ... အကုန်လှန်းပြီးပြီ"

"ဒါဆို အိမ်နောက်ဖေးမှာ လုပ်စရာရှိတာ သွားလုပ်လိုက်"

"ဟုတ်ကဲ့ မမ"

မိဇင် အိမ်နောက်ဖေးဝင်သွားတော့ ဝတီတစ်ယောက်တည်း ထိုင်စဉ်းစားနေမိသည်။

ကိုအောင်မြိုင် တရွေ့ဖြစ်ပြီး သူ့ကို အချိန်တိုင်း လိုက်နှောင့်ယှက်လို့နေသည်။ သူ့ကို လက်မခံခဲ့သလို စေ့စပ်ပွဲလုပ်မည့်အချိန်မှ လင်းသက်ဆီ ထွက်ပြေးခဲ့တာကို နာကြည်းနေမှာ မလွဲပေ။

တိုက်ဆိုင်စွာနှင့် အောင်မြိုင်သေတော့ သူနှင့်လင်းသက်တို့နေသည့် ခြံကြီးရှေ့တွင် လာသေသည်။

"မမ ... မမ ..."

အိမ်နောက်ဖေးမှ ပြန်ရောက်လာပြီး သူ့ကိုခေါ်နေသည့် မိဇင်ရဲ့အသံကိုကြားမှ ဝတီ အတွေးလွန်နေရာမှ သတိပြန်ဝင်လာကာ ...

"ဘာလဲ မိဇင်"

"ဟင်းအိုးတွေ စားပွဲပေါ်မှာ ဆန်ခါနဲ့ အုပ်ထားလိုက်တယ်"

"ကြောင်အိမ်ထဲ ထည့်မထားဘူးလား"

"ဟင့်အင်း ... မမ ထမင်းစားရင် အဆင်သင့်ဖြစ်အောင်လို့ပါ"

"အေးလေ ... ပြီးတာပဲ"

မိဇင်ကိုပြောပြီး ထိုင်ရာမှထ၍ ခြံထဲသို့ ဆင်းလာခဲ့သည်။ အရင်ကဆို လင်းသက် အလုပ်သွားတာနဲ့ ဝတီ အခန်းထဲမှ အပြင်ကိုမထွက်တော့။

နော်ကူးလာမှသာ ထွက်လေ့ရှိသည်။ အခုတော့ မိဇင် အဖော်ရှိနေတာကလည်း သူ့အတွက် အားတစ်မျိုးရှိခဲ့သည်။

ခြံထဲတွင် တံမြက်စည်းလှည်း၊ အမှိုက်ကောက်နှင့် လုပ်လိုက်ရာ





အချိန်က ကုန်မှန်းမသိ ကုန်သွားသည်၊ မိဇင်ကလည်း သူနှင့်အတူ ဝိုင်းလုပ်ပေးရှာသည်။

"မမတို့ခြံကြီးက အကျယ်ကြီးပဲနော်၊ သစ်ပင်ကြီးတွေကလည်း အများကြီး"

"မမ နေတာပေမယ့် မမတို့ခြံ မဟုတ်ပါဘူး၊ ကိုလင်းသက်ရဲ့ သူငယ်ချင်းခြံလေ၊ မမတို့က ခြံစောင့်သဘောမျိုးနဲ့ လာနေတာ"

"မမတို့က သူဌေးတွေမဟုတ်လား ... အပြီးဝယ်လိုက်ပါလား"

မိဇင်က ကလေးပီပီ ပွင့်ပွင့်လင်းလင်းပြောတော့ ဝတီက ...

"မိဇင်မရှိတုန်းကဆို မမတစ်ယောက်တည်း အခန်းထဲက အပြင်ကိုတောင် မထွက်ဘူး"

"ဘာလို့လဲဟင်"

"ခြံကလည်း အကျယ်ကြီး၊ တိုက်ကြီးကလည်း အကြီးကြီးလေ တစ်ယောက်တည်းနေတော့ စိတ်ချောက်ချားတာပေါ့၊ ပြီးတော့ ..."

စကားကို ဆက်ပြောမည်လုပ်ပြီးမှ ရပ်သွားသည့် ဝတီကို မိဇင်က ဘာဆက်ပြောမလဲဟု နားထောင်နေရင်း ...

"ပြောလေ မမ ... ပြီးတော့ ဘာဖြစ်လဲ"

"ဟို ... ဟိုခေါင်းရင်းအိမ်ကြီးလေ ... အဲဒီအိမ်ကြီးမှာ"

"ဘာတွေရှိလဲဟင် ... ခုန မိဇင်တွေ့ခဲ့တဲ့ လူလိုမျိုးလူတွေ ရှိလို့လား"

မိဇင်ကို အမှန်အတိုင်းပြောရန် သင့်မသင့် စဉ်းစားလိုက်ပြီးမှ ကလေးအရွယ်မို့ မပြောတာဘဲကောင်းမည်ဟု တွေးနေမိသည်။

"မမ ... မိဇင်မေးတာ ဖြေဦးလေ"

"သြော် ... အေး"

စကားကိုဖြတ်လိုက်ပြီး ခြေလက်ဆေးရန် အိမ်ထဲသို့ ပြန်ဝင်လာပြီး ရေချိုးခန်းသို့ ဝင်လာခဲ့သည်။

မိဇင်က ထမင်းဟင်းတို့ကို နွှေးခပ်ပြင်ဆင်ရန် ထမင်းစားခန်းသို့ ဝ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သိပ်မကြာလိုက် . . .

"အား . . . လုပ်ပါဦး မမ"

"ဟော . . . ဘာဖြစ်တာလဲ"

ဝတီ ရေချိုးခန်းကနေ အလျင်အမြန်ထွက်လာပြီး မိဖင်ဆီသို့ လာလိုက်သည်။ မိဖင်က ကြောက်ကြောက်လန့်လန့်နှင့် ထမင်းစားခန်း ပြတင်းပေါက်ကို လက်ညှိုးထိုးပြီး . . .

"မမ . . . ဟင်းတွေကို ဟိုကောင်ကြီး စားသွားပြီ"

"ဟော"

ဝတီ့မျက်လုံးထဲ အောင်မြိုင်၏ပုံကို ပြေးမြင်လိုက်သည်။

"မိဖင်ကိုမြင်လို့ ပြတင်းပေါက်တံခါးကနေ ခုန်ချပြီး ထွက်ပြေးသွားတယ်"

ထမင်းစားစားပွဲပေးတွင်လည်း ဟင်းတို့မှာ ပြောင်ရှင်းနေသည်။

"ဟုတ်လို့လား မိဖင်ရယ် . . . နင်တွေ့လိုက်လို့လား"

"ဟုတ်တယ် မမ . . . မိဖင်ကိုလည်း မြင်ရော တစ်ချက်လှည့်ကြည့်ပြီးကို ပြေးတာ"

ဝတီ ရင်ဘတ်ကို ဖိထားရသည်။ နှလုံးခုန်သံက တဒိုင်းဒိုင်း။ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိဖြစ်နေသည်။

"မမ ဗိုက်ဆာနေပြီလားဟင်၊ ခဏစောင့် . . . မိဖင် ကြက်ဥကြော်လိုက်မယ်"

"ရတယ် . . . စားလို့လည်း ရမှာမဟုတ်တော့ဘူး၊ မိဖင်အတွက်ပဲ ကြော်လိုက်တော့"

"ရတယ် . . . မိဖင်က ငါးပိရည်နဲ့စားလည်း ရတယ်"

မိဖင်က ဝတီစားစေဖို့ ကြက်ဥကြော်ရန်ပြင်ဆင်နေစဉ် ဝတီက . . .

"မိဖင်တွေ့လိုက်တာက အဝတ်လှမ်းရင်း ဟိုဘက်ခြံကနေ ဒီအိမ်ကြီးကို ကြည့်နေတဲ့လူလား"

"မဟုတ်ပါဘူး . . . ကြောင်နက်ကြီးပါ၊ တစ်ကိုယ်လုံး နက်မှောင်နေ





တာပဲ"

"ဟင်း"

ဝတီ အနည်းငယ် သက်ပြင်းချလိုက်နိုင်သည်။ အောင်မြိုင် တက်စားတာဆိုလျှင် သူ နေစရာပင် ရှိမှာမဟုတ်တော့။ သေချာတာတစ်ခုကလည်း ဒီနားဝန်းကျင်မှာ ကြောင်နက်မရှိခြင်းပင် ဖြစ်လေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## တစ္ဆေမွေးသူတွေ

ဝတီ့ကိုယ်ဝန်က တဖြည်းဖြည်းနှင့် လရင့်လာတော့ အရင်လို နေ
ထိုင်ရ၊ သွားရလာရတာ မကောင်းတော့။ အိမ်အလုပ်မှန်သမျှကိုတော့ မိဖ
တစ်ဦးတည်း ဒိုင်ခံလုပ်ရှာသည်။

မိဖင်၏ အလိုက်သိမှုကြောင့်လည်း ဝတီ စိတ်ချမ်းသာရသည်။

တစ်ရက် နေ့လယ်ခင်း အိမ်ထဲတွင်ပူတာနှင့် ခြံထဲသို့ဆင်းကာ ဝတ
အနားယူနေလိုက်သည်။ မိဖင်ကတော့ ဝတီဘေးမှာ ထိုင်ရင်း တခြားစကာ
တို့ကို ထိုင်၍ပြောနေကြ၏။

ထိုစဉ် ...

နှာခေါင်းထဲသို့ အမွှေးနံ့ရသဖြင့် ဝတီက ...

"မိဖင် ... ငါ အမွှေးနံ့ရတယ် ... နင် ရှူကြည့်စမ်း"

"အင်း .. ဟုတ်တယ်မမ၊ မိဖင်လည်း ရတယ်၊ ဘယ်ကလဲမသိဘူး





ဝတီနှင့်မိဖင် နှစ်ယောက်သား အနံ့ရရာဆီသို့ လိုက်၍ကြည့်ရင်း
တီက ခေါင်းရင်းခြံကို အကြည့်ရောက်လို့သွားသည်။

"ဟင်"

"ဘာ ... ဘာလဲ မမ"

"ဟို ... ဟိုခြံကြီးထဲကို ကြည့်စမ်း"

မိဖင်က ခေါင်းရင်းခြံကြီးထဲသို့ ကြည့်လိုက်သည်။ ခြံထဲတွင် အုန်း
က်ပျောပွဲများ ပြင်ဆင်ထားပြီး အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကို ထွန်းထားကာ
ရှေ့တွင် ကြက်ကြော်၊ အမဲကြော်ပန်းကန်တို့ ပြင်ဆင်ထားသည်။

ရှမ်းဝတ်စုံဝတ်ထားသည့် နှုတ်ခမ်းမွေးကားကားနှင့်လူကြီးက ထိုပွဲရှေ့
တွင် ထိုင်ကာ ပါးစပ်မှလည်း ဂါထာတစ်ပုဒ်ကို မန်းမှုတ်လို့နေ၏။ ထိုလူကြီး
နောက်တွင် မိန်းမကြီးတစ်ဦးနှင့် ဝတီနှင့် အသက်အရွယ်တူလောက်ရှိမည့်
အမျိုးသမီးတစ်ဦး ထိုင်နေကြသည်။

ထိုပွဲပေးထားသည့် နေရာမှာ ဝတီတို့ခြံနှင့် ထိုခြံကို ပိုင်းခြားထားသည့်
ခြံစည်းရိုးနှင့် အနည်းငယ်သာ ကွာသည်။ ဝတီနှင့်မိဖင်က ဘာလုပ်တာလဲ
ဆိုတာကို သိချင်တာနှင့် ခြံစည်းရိုးဘေး ကပ်ပေါက်နေသော ဝါးရုံပင်ကို
ကွယ်၍ အခြေအနေကို အကဲခတ်လိုက်၏။

ဝတီတို့ကြည့်နေသည်ကို ထိုလူတို့က မမြင်ဟန်မတူ။ ဝတီ ဝါးရုံပင်နား
ထိုလူတွေထဲတွင်ရှိသည့် မိန်းမကြီးကိုမြင်ရ၍ များစွာ အံ့ဩသွားသည်။

"ကိုအောင်မြိုင့်အမေပါလား၊ သူတို့က ဒီအိမ်ကြီးနဲ့ ဘယ်လိုများ
တ်သက်ကြလဲ မသိဘူး"

"မမ ... သူတို့ကို သိလို့လား"

"အေး ... သိတယ်၊ နင် စကားသိပ်မများနဲ့၊ သူတို့ ဘာလုပ်လဲ
သချာကြည့်နေ"

"ဟုတ်"

နှုတ်ခမ်းမွေးနှင့်လူကြီးက ဂါထာကိုမန်းမှုတ်ပြီးပြီ ထင်သည်။ မျ
တ်ထရပ်၍ ပါးစပ်က ကျယ်လောင်စွာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီခြံ ဒီအိမ် ဒီဝန်းကျင်မှာရှိကြတဲ့ သရဲတစ္ဆေ နာနာဘာဝအားလုံးကို ကျွန်ုပ် ဖိတ်ခေါ်ပါတယ်၊ သေဆုံးသွားပြီဖြစ်တဲ့ မောင်အောင်မြိုင်ရဲ့ဝိညာဉ်ကို လည်း ဖိတ်ခေါ်ပါတယ်၊ သင်တို့အားလုံး ကျွန်ုပ်ကျွေးတာကို လာစားကြပါရန်"

ထိုလူကြီးစကားကြောင့် အောင်မြိုင့်အမေနှင့် အမျိုးသမီးတို့မှာ တစ်ယောက်လက်ကိုတစ်ယောက် တင်းကျပ်စွာ ကိုင်ထားကြသည်။

"မမ . . . ဟိုလူကြီး သရဲတစ္ဆေတွေကို ခေါ်နေပြီ၊ မိဖင် ကြောက် တယ်"

"ငြိမ်ငြိမ်နေ မိဖင် . . . ဘာဆက်ဖြစ်မလဲ ကြည့်နေ"

ကြောက်လန့်စွာနှင့် သူ့လက်မောင်းကို လာကိုင်သည့် မိဖင်ကို ပြော လိုက်ပြီး ဘာဆက်ဖြစ်မလဲဆိုသည့်အကြည့်ဖြင့် ကြည့်နေမိသည်။

အသံဩဇာကကောင်းကောင်း၊ လေသံက မာန်ပါလှတာမို့ ကြားရ သူအပေါင်း ကြက်သီးများပင် ထလို့သွားလောက့်သည်။

"မောင်အောင်မြိုင် . . . မင်းစွဲလမ်းရာမှာ မင်းနေတော့ ငါတို့က လိုက်လာရတာပေါ့၊ မင်း စွဲလမ်းတဲ့လူကို အမြဲမြင်ရအောင် ဒီခြံကြီးကို မင်း အမေ ဝယ်လိုက်ပြီ၊ မင်း ဒီခြံနဲ့ဒီအိမ်ကြီးမှာ ကြိုက်သလောက်သာနေတော့"

ဝတီနှင့် မိဖင်ကတော့ ဘာမှမမြင်ရ၊ ထိုလူကြီးကတော့ သက်ရှိလူ သားတစ်ဦးကို ပြောဆိုသည့်ဟန်ဖြင့် ပြောဆိုနေတော့သည်။

"ကဲ မောင်အောင်မြိုင် . . . မင်း အစားအသောက်လည်း မဆင်းရဲရ အောင် မင်းအမေက မင်းအတွက် နေ့တိုင်း အမဲသားပို့ပေးဖို့ ဒီနားက သား စိမ်းရောင်းသူကို မှာထားတယ်၊ အခု မင်းလည်း စား၊ မင်းအပေါင်းအသင်း တွေကိုလည်း ကျွေးလိုက်"

ပြော၍ ပွဲရှေ့မှ ကြက်ကြော်၊ အမဲကြော်တို့ကို ဖဲ့ကာ ခြံပတ်လည်ကို ပစ်ပေးလိုက်သည်။

'ရှဲ'

လေတိုက်တာပဲလား၊ သရဲတစ္ဆေတို့ လှုပ်ရှားသွားတာလား မသိ၊ စည်းရိုးမှ အပင်တို့ လှုပ်ယမ်းသွားသည်။





"ဟာ မမ . . . သရဲတွေ အစာစားသံလား မသိဘူး"

"အင်း"

မိဖင်ကို စကားမပြောစေလို၍ ခေါင်းညိတ်ပြလိုက်ပြီး ခေါင်းရင်းခြံ ကြီးထဲမှ လူကြီး၏လှုပ်ရှားပုံကို ဆက်စောင့်ကြည့်လိုက်သည်။

"စားကြ စားကြ . . . မောင်အောင်မြိုင် လက်စားချေတာကိုလည်း ပိုင်းကူလိုက်ကြ"

"ဟင်"

ထိုလူကြီးစကားကို ကြားပြီး ဝတီ သွေးများပင် ပျက်ချင်လာသည်။ အောင်မြိုင် သူ့ကို လိုက်ခြောက်နေတာကိုလည်း သိပုံရလေသည်။

ခဏကြာတော့ အမွှေးတိုင်၊ ဖယောင်းတိုင်များ ကုန်သွားသဖြင့် ထိုလူကြီးက ပွဲကို ပိတောက်ပင်ကြီးတစ်ပင်တွင် စွန့်ထားလိုက်သည်။

အောင်မြိုင့်အမေကိုလည်း . . .

"ခင်ဗျားသားအတွက် ဘာမှ ပူမနေနဲ့၊ ဒီအိမ်ကြီးမှာ သူရှိနေတယ်၊ အစာကျွေးတဲ့လူကိုသာ ပုံမှန်ကျွေးဖို့ ပြောပါ"

"စိတ်ချဆရာ . . . ကျွန်မသားကို အသက်ရှင်စဉ်ကတည်းက သူ့ အလိုလိုက်ခဲ့တာ၊ အခု တစ္ဆေဘဝဖြစ်နေတော့ ဒုက္ခဆင်းရဲဖြစ်မှာကို စိုးတယ်"

အောင်မြိုင့်အမေက သူ့သား တစ္ဆေဖြစ်နေသည်ဆိုခြင်းကို လုံးဝ ယုံကြည်လို့ နေသည်။

"အေးလေ . . . ကျုပ် စီမံပြီးပါပြီ သက်ဆိုင်ရာကိုလည်း ခွင့်တောင်း ထားပြီးပြီ . . . ဘာမှ ပူမနေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာဆိုသည့် နှုတ်ခမ်းမွေးနှင့်လူကြီးက လက်နှစ်ဖက် နောက်သို့ပစ် ပြီး တည်ငြိမ်သောလေသံဖြင့် . . .

"ခင်ဗျားသားက အခုလိုနေရတာကို ပိုကျေနပ်နေတယ်၊ သူတွေ့ချင် တဲ့သူကို အနီးကပ် တွေ့နေရတယ်လေ"

"သူ့သဘောပါပဲ ဆရာရယ်၊ သူ ဘာလိုအပ်လဲ . . . ကျွန်မ အကုန်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးနိုင်ပါတယ်''

"ရတယ် ... ကိစ္စမရှိပါဘူး အခုဆို သူ့ကိုနေဖို့ စားဖို့ ပေးပြီးပြီပဲ"

ဆရာကပြောပြီး အိမ်ကြီးဆီသို့ထွက်သွားကာ အဝင်တိုင်တွင် အနက်ရောင်အဝတ်စတို့ကို ချည်နှောင်နေသည်ကို တွေ့ရသည်။

ဝတီလည်း ကြောက်လန့်တုန်လှုပ်စိတ်ကြောင့် ဆက်မကြည့်လိုတော့ဘဲ မိဖင်ကိုခေါ်၍ အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။

"မမ ... သူတို့ တကယ် သရဲမွေးထားတာလားဟင်"

"ကြားတဲ့အတိုင်းပဲလေ ... ငါတော့ စိတ်ညစ်ပါတယ်"

"မမကလည်း ကိုယ့်ခြံနဲ့ကိုယ်နေတာ ဘာမှကြောက်စရာမရှိပါဘူး။ အဲဒီအိမ်ဘက်ကို မကြည့်နဲ့ပေါ့"

"မိဖင်မသိပါဘူး"

စိတ်ညစ်ညစ်နှင့် ထိုင်နေရင်း ခေါင်းထဲတွင် အတွေးတစ်ခု ရုတ်တရက် ပေါ်လာသည်။

"မိဖင် ဘုရားစင်အောက်မှာ ဘန်းနဲ့ထည့်ထားတဲ့သဲ သွားယူစမ်း"

"ဘာလုပ်မလို့လဲ မမ"

"သွားယူမှာသာ သွားယူစမ်းပါ။ အဲဒီသဲက ပရိတ်သဲ၊ တို့ခြံနဲ့ ခေါင်းရင်းခြံစည်းရိုးတစ်လျှောက် သဲဖြူးထားလိုက်မယ် ... အဲဒီကျရင် တို့ခြံဘက်ကို တစ္ဆေသရဲတွေ မလာနိုင်တော့ဘူးပေါ့"

"အင်း ... ဟုတ်တယ်"

မိဖင် ဘုရားခန်းမှ ပရိတ်သဲကို သွားယူပြီး ဝတီ့ကိုပေးလိုက်သည်။

"လာ ... ခြံထဲသွားမယ်"

နှစ်ယောက်သား ခြံထဲသို့ဆင်းလာပြီး စည်းရိုးတစ်လျှောက် ပရိတ်သဲတို့ကို နေရာလပ်မကျန် လိုက်လံပက်လေရာ ...

"ဟင်"

သူတို့နှစ်ယောက်ကို မကျေမနပ်နှင့် ခါးထောက်ကာ ရပ်ကြည့်နေသော ဆရာဆိုသည့်လူကို တွေ့လိုက်ရလေသည်။ ဝတီ ထိတ်လန့်ကြောက်ရွံ့





ပေမယ့် ပရိတ်သဲကို လိုက်ပက်လိုက်ရာ ဆရာဆိုသည့် ထိုလူကြီး၏ ကြောက်မက်ဖွယ်ရယ်မောသံကြီး ထွက်ပေါ်လို့လာလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

# သရဲကို သတ်ချင်တဲ့ည

ညရောက်တော့ ခါတိုင်းညနှင့်မတူ လွန်စွာမှပင် တိတ်ဆိတ်လို့နေသည်။ လင်းသက်ကလည်း ပြန်မလာသေး။ ည ရှစ်နာရီပင် ကျော်လို့နေသည်။

ဝတီလည်း သူ့အခန်းထဲတွင် မိဖင်ကို အဖော်ရအောင် ခေါ်ထားသည်။

ပြတင်းပေါက်တံခါးမှာ မှန်တံခါးဖြစ်တာကြောင့် အခန်းထဲမှ ခေါင်းရင်းခြံရှိ အိမ်ကြီးကို လှမ်း၍မြင်နေရသည်။

လူနေကျဲတဲ့နေရာမို့ ချောက်ချားစရာကောင်းလှသလို တစ်ခါတစ်ရံမှသာ ခြံရှေ့ဖြတ်သွားသည့် ကားသံတချို့ကို ကြားရ၏။

ထူးခြားတာက ခေါင်းရင်းခြံ အိမ်မည်းကြီးတွင် မီးရောင်ပျပျကို လှမ်း၍မြင်နေရသည်။

မိဖင်က ...





“မမ ... ဟိုအိမ်မည်းကြီးကို လှမ်းကြည့်လိုက်၊ အိမ်ထဲမှာ မီးရောင်ကို တွေ့ရတယ်၊ ဟိုသရဲ မီးထွန်းနေတာလား မသိဘူး”

“ဟဲ့ ... သရဲက မီးထွန်းနေမလား။ သူနေရင် အမှောင်ထဲမှာပဲ နေတာလေ”

ဝတီက ကြားဖူးနားဝရှိတာကို မိဖင်ကို ပြောပြလိုက်သည်။

“မမ မယုံရင်ကြည့်လိုက် ... ဟော မည်းမည်းနဲ့ အိမ်အပြင်ဘက် ထွက်လာပြီ”

“ဟင်”

မိဖင်က သေချာကြည့်၍ပြောနေရာ ဝတီလည်း မကြည့်ရဲကြည့်ရဲနှင့်ကြည့်ပြီး လန့်သွား၏။

လူလိုလိုနှင့် မည်းမည်းပုံစံကြီးက လှုပ်လှုပ်နှင့် ခြံထဲသို့ဆင်း၍လာလေသည်။ သူတို့နေရာနှင့် ဝေးတာမို့ ပီပီပြင်ပြင်တော့ မမြင်ရ။

မိဖင်က အလန့်တကြားအသံဖြင့် ...

“မမ ... မိဖင်တို့ ခြံနား လာနေတာ”

“ဟင်”

“ဘယ်လိုလုပ်မလဲ မမ ... မိဖင်ကြောက်တယ်၊ ဟို ... ဟို ... လူကြီးပြောတဲ့ သရဲလားမသိဘူး”

မိဖင် အလွန့်အလွန်လန့်လျက် ဝတီ့လက်မောင်းကို အတင်းဖက်ထားသည်။

“ဘာမှမကြောက်နဲ့ ... ဒင်း ငါ့ကို နှိပ်စက်နေတာ ကြာပြီ”

“ဟင်”

မိဖင် ဝတီရဲ့ မာကျောလှတဲ့လေသံကြောင့် လန့်လို့သွားသည်။ ခက်ထန်နေတဲ့မျက်နှာမှာ ပြူးကြောင်နေတဲ့မျက်လုံးတို့က သူတို့စည်းရိုးနားသို့ လာနေသည့် မည်းမည်းပုံသဏ္ဍာန်ကို ကြည့်နေသည်။

“မမ”

“ဘာပြောမှာလဲ ... နင်တွေ့ခဲ့တာ သူ့မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ်တယ်"

"အဲဒါ အောင်မြိုင်ပဲ၊ ငါနဲ့ စေ့စပ်မယ့်အချိန်မှာ ငါ ထွက်ပြေးလာတာ၊ ငါ့ကို အခဲမကျေဖြစ်နေမှာပေါ့၊ ပြီးတော့ သူက တို့ခြံရှေ့မှာ ကားတိုက်ပြီး သေသွားပြီ"

"ဟင် . . . ဒါ . . . ဒါဆို"

"နေ . . . ငါ သွားရှင်းမယ်"

ဝတီက အခန်းထောင့်တွင်ထောင်ထားသည့် သစ်သားတုတ်ချောင်းကို ကိုင်ကာ အခန်းထဲမှ ထွက်လာသည်။ မိဖင်က . . .

"မမ မသွားပါနဲ့ . . . မမက ကိုယ်ဝန်ကြီးနဲ့လေ၊ သူ မိဖင်တို့ခြံဘက် ကူးမလာနိုင်ပါဘူး။ နေ့လယ်က ပရိတ်သဲတွေ ပတ်ထားတယ်လေ"

"တိတ်စမ်း . . . ဒင်းကို ဒင်းခြံထဲဝင်ပြီး အပြတ်ရှင်းမယ်"

"မလုပ်ပါနဲ့ မမရယ် . . . မမ ဒုက္ခရောက်မှာစိုးလို့ပါ"

ဝတီ့ပုံစံက လုံးဝ စိတ်လွတ်နေသည်။ ဘာကိုမှလည်း မြင်ဟန်မတူတော့။ ခြံထဲသို့ ဆင်းလာတော့ ခေါင်းရင်းခြံစည်းရိုးစပ်တွင် မတ်တတ်ရပ်ကာကြည့်နေသော အောင်မြိုင်ကို တွေ့ရသဖြင့် တုတ်ဖြင့်ရွယ်ပြီး . . .

"နင် ငါ့ကို ဒုက္ခပေးပေါင်းများနေပြီ၊ ဒီညတော့ အပြတ်ရှင်းမှ အေးမယ်"

ပြော၍ ရှေ့သို့ တရွေ့ရွေ့ တိုးသွားသည်။ မိဖင်က ကြောက်လွန်း၍ ဒူးများ တဆတ်ဆတ်တုန်ပြီး အိမ်အဝကနေ ဝတီ့ကို ကြည့်နေသည်။

"ဟူး"

ထိုစဉ် လင်းသက်ကားက ခြံထဲသို့ ဝင်လာသည်။ ဝတီ့ရဲ့ပုံစံကို ကြည့်ပြီး လင်းသက် လွန်စွာအံ့သြသဖြင့် ကားပေါ်မှအမြန်ဆင်းပြီး ဝတီ့ကို ဆွဲထားသည်။

"ဝတီ ဘာဖြစ်တာလဲ"

"ဟိုမှာ အောင်မြိုင်"

"ဘယ်မှာလဲ . . . မရှိပါဘူး၊ ကိုယ့်စိတ်ကိုယ်ထိန်းစမ်း ဝတီ"





ဝတီပြရာကို လင်းသက်ကြည့်သော်လည်း ဘာမှမတွေ့ရသဖြင့် ဝတီ့ကိုပဲ နှစ်သိမ့်နေရသည်။

"ကို ဖယ် . . . ဝတီ အဲဒီအိမ်ထဲကို သွားရှင်းမယ်၊ အောင်မြိုင် အဲဒီအိမ်ထဲမှာ နေတာ"

"မဟုတ်တာဘဲ ဝတီရယ်၊ အောင်မြိုင်ဆိုတဲ့လူက ကိုယ်တို့ခြံရှေ့မှာပဲ သေသွားပြီလေ"

"သေသွားတာ ဟုတ်တယ်၊ အခု တရွှေဘဝနဲ့ အဲဒီအိမ်ကြီးမှာ နေတာ"

လင်းသက် ချော့မော့ပြောသော်လည်း ဝတီက လုံးဝမရ။ မျက်နှာမှာလည်း လွန်စွာမှပင် ခက်ထန်လို့နေသည်။

"ခက်တာပဲ . . . မိဖင် လာစမ်း"

အိမ်အဝမှ မိဖင်ကို လှမ်းခေါ်ပြီး ဝတီ့ကို အတင်းဖျောင်းဖျပြောဆိုကာ ခေါ်လာခဲ့သည်။

အိမ်ထဲရောက်တော့ လင်းသက်က . . .

"ဘယ်လိုဖြစ်ကြတာလဲ . . . ကို့ကို ပြောဦး"

မိဖင်က ဝင်ပြီး . . .

"နေ့လယ်က ဟိုဘက်ခြံမှာ ပွဲပေးပြီး သရဲမွေးနေတာ တွေ့ရတယ် ပြီးတော့လေ"

"အဓိပ္ပာယ်မရှိတာကွာ"

"တကယ်ပြောတာ ကို၊ ကိုအောင်မြိုင် အဲဒီအိမ်မှာ နေတယ်"

"ဟင်း"

လင်းသက်က ခေါင်းကိုခါပြီး သက်ပြင်းချလိုက်သည်။

ဝတီ့ကိုလည်း . . .

"ဝတီလည်း ကလေးမဟုတ်တော့ဘူးကွာ၊ အရာရာကို ဦးနှောက်နဲ့ ချင့်ယုံပါ၊ နောက်ပြီး ကိုယ့်ကျန်းမာရေးကို ဂရုစိုက်လေ . . .၊

ဒီအိမ်ကို ရောက်ကတည်းက ဝတီ အမြဲထိတ်လန့်နေတယ်၊ မှူး



www.burmeseclassic.com

www.burmeseclassic.com



တွေကို အရှိလို့ ထင်နေတယ်''

''မရှိတာ . . . ဟုတ်လား ကို''

''ဟုတ်တယ်လေ . . . ဝတီဖြစ်နေတာက စိတ်ကြောင့် ဖြစ်နေတာပဲ''

''ကိုက ဝတီ့ကို ရူးနေတယ်လို့ ပြောချင်တာလား . . . ဝတီ မရူးဘူး၊ ဝတီ ကိုအောင်မြိုင်ကို တကယ်တွေ့တွေ့နေတာ၊ အခုလည်း သူ ဟိုအိမ်မှာ နေနေတယ်''

ဝတီက လက်ညှိုးထိုးပြီးပြောတော့ မိဇင်ကပါ . . .

''ဟုတ်တယ် ဦးသက် . . . မိဇင်လည်းတွေ့တယ်၊ ကြောက်စရာကောင်းလိုက်တာ ပြောမနေပါနဲ့''

''ခက်တော့တာပဲကွာ''

''အသားက မည်းမည်း၊ သွားကခေါခေါ၊ ရုပ်ကလည်း အရမ်းဆိုးတာ၊ မျက်နှာမှာလည်း သွေးတွေနဲ့''

''ဟင်''

မိဇင်ပြောတာ အောင်မြိုင်ကားတိုက်ခံရစဉ်ပုံစံနှင့် တစ်ထပ်တည်း ဖြစ်နေတာမို့ လင်းသက် အံ့သြရသည်။ ထိုစဉ်က မိဇင်ပင် အိမ်သို့မရောက်သေး။ တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးလိုက်ပြီး . . .

''ထားပါတော့ကွာ . . . တို့တွေ ထမင်းစားရအောင်၊ မိဇင် . . . သွားပြင်တော့''

''ဟုတ်ကဲ့''

''ဝတီ . . . ထ . . . စိတ်ထဲ ဘာမှ တွေးမနေနဲ့တော့၊ ကိုယ် တကယ် ပင်ပန်းနေပြီ''

ထိုအခါမှ ဝတီလည်း ထ၍ လင်းသက်နှင့်အတူ အိမ်နောက်ဖေး ထမင်းစားခန်းဆီသို့ ဝင်လာခဲ့တော့သည်။

❖ ❖ ❖



အ ခန်း ( ၁၅ )

# လာကြည့်နေတယ်

ဝတီ ကိုယ်ဝန်လရင့်လာတာနှင့်အမျှ အရင်လို သွက်သွက်လက်လက် မရှိတော့။ ခေါင်းရင်းခြံအိမ်ကြီးကလည်း တစ်နေ့တခြား မြက်ပင်နိုင်းတို့က ရှည်လာပြီး တောကြီးသဖွယ် ဖြစ်နေသည်။

ထိုအိမ်ကြီးထဲတွင် အရိပ်မည်းတို့ လှုပ်ရှားနေတာကို တစ်ခါတစ်ခါ တွေ့ကတ်ပေမယ့် ဝတီတို့ခြံနှင့် နီးကပ်စွာ လာနေလေ့မရှိတော့။

တစ်ရက်နေ့လယ်ခင်းတွင် ဝတီတို့ရှိရာသို့ ချယ်ရီ ရောက်လာသည်

''မိချယ် . . . ဘယ်လိုကဘယ်လို ရောက်လာတာလဲ''

''အမယ် . . . နင်ကပဲ ပြောရတယ် ရှိသေး၊ ငါ ကိုလင်းသက်ဆီက ဖုန်း အမြဲဆက်မေးပါတယ်၊ နောက်တော့ ငါ တောင်ကြီးက အဘွားဆီကို သွားပြုစုနေတာနဲ့ အဆက်အသွယ်ပြတ်သွားတာ''

ဝတီရဲ့ ဗိုက်ဖုံးအင်္ကျီနှင့်ပုံကို ကြည့်ပြီး ချယ်ရီက အရမ်းသဘောကျ



www.burmeseclassic.com

www.burmeseclassic.com



လို့နေသည်။

"ဟဲ့ မိချယ် . . . ဘာကြည့်နေတာလဲ"

"ကိုယ်ဝန်နဲ့လည်း နင်က လှတာပဲ . . . တကယ်ပြောတာပါ"

"လူကသာ လှနေတာပါဟာ"

"ဘာလဲ . . . ကိုလင်းသက်နဲ့ အဆင်မပြေဘူးလား"

ချယ်ရီက ပျာပျာသလဲအမူအရာဖြင့် မေးလေသည်။

"မဟုတ်ဘူး . . . ကိုအောင်မြိုင်ကြောင့်"

"ဘာ . . . သူသေသွားပြီလို့ ငါကြားတယ်၊ နင့်ကို ဘယ်လို စိတ်အနှောင့်အယှက်ပေးလို့လဲ"

"ပေးတာပေါ့ မိချယ်ရယ်"

ဟု အစချီ၍ အောင်မြိုင် သူ့ကို လိုက်လံခြောက်လှန့်ပုံနှင့် ခေါင်းရင်းခြံတွင် သရဲမွေးထားသည်ဆိုသည့်အကြောင်းတို့ကို အစအဆုံး ရှင်းပြလိုက်သည်။

"ဝတီရယ် . . . နင်ပြောလို့သာ ယုံရတယ်၊ ငါ ဘယ်လိုမှ ထင်မထားဘူး၊ အခုလည်း နင့်ကို ခြောက်လှန့်နေတုန်းပဲလား"

"အခုနောက်ပိုင်းတော့ သိပ်မခြောက်တော့ဘူး၊ ဒါပေမဲ့ ခေါင်းရင်းခြံထဲက အိမ်ကြီးမှာတော့ သူရှိနေတယ်"

"ဟင်"

ချယ်ရီက ယောင်ယမ်း၍ ခေါင်းရင်းဘက်ခြံကို လှမ်းကြည့်လိုက်၏။ လွန်စွာ အိုမင်းဟောင်းနွမ်း၍ ရေနံချေးတို့၏ လွှင့်နေသော မှိုင်းမှိုင်းဖျော့ဖျော့ အရောင်တို့မှာ ပို၍ပင် ချောက်ချားစရာ ကောင်းလှသည်။

"နင် တွေ့တယ်မဟုတ်လား . . . အဲဒီအိမ်ကြီးလေ၊ အရမ်းကြောက်ဖို့ကောင်းတယ်"

"ဟုတ်ပါရဲ့ . . . မြင်တာနဲ့တင် ကြောက်စရာကြီး"

"အဲဒီအိမ်ကြီးမှာ ကိုအောင်မြိုင်နေတယ်၊ မနက်ဆို လူတစ်ယောက် အမဲသားတစ်တွဲ လာလာပို့ရတယ်"





"ဟယ်"

သေသေချာချာကို ရှင်းပြနေတဲ့ ဝတီ့ကို တအံ့တသြနှင့် ချယ်ရီက ကြည့်နေမိသည်။

"ညဘက်ဆို ပုပ်စော်တအားနံတာပဲ၊ ဘယ်လိုအသံမှန်းလဲ မသိဘူး . . . ကြောက်စရာအသံကြီးကို သန်းခေါင်လောက်ဆို ကြားရပြီ"

"ဒါတွေကို ကိုလင်းသက် မသိဘူးလား"

"သိတော့သိတယ်၊ ဒါပေမဲ့ သူက မယုံဘူး။ အသားဟင်းချက်တဲ့ အခါမျိုးဆို မီးဖိုချောင်မှာ ညဘက် ပန်းကန်သံ, အိုးသံကြားရတော့တာပဲ"

"အဲဒီလောက်တောင်ပဲလားဟာ၊ နင်မနေရဲတော့ရင် ပြောင်းပါလား ကိုလင်းသက်ကို ငါပါ ဝိုင်းပြောပေးမယ်လေ"

ချယ်ရီက ဝတီ့ကိုသနားသဖြင့် ပြောသော်လည်း ဝတီက . . .

"ဒီမှာနေတာ နေသားကျနေတာရယ်, ပြီးတော့ ကို အလုပ်သွားရ လာရတာရယ် . . . အစစအရာရာပေါ့ဟာ၊ ကိုအောင်မြိုင်သာ မခြောက်မလှန့်ရင် ဘယ်လောက် နေလို့ကောင်းလိုက်မလဲ"

"အခု နင့်ကိုယ်ဝန်က အရမ်းရင့်နေပြီ၊ မွေးဖို့ဖွားဖို့ သွားလာရတာ အဆင်ပြေပါ့မလား"

"ပြေမှာပါ၊ ငါတို့နဲ့ခြင်တဲ့လင်မယားနှစ်ယောက်က ဟိုးဘက်နားမှာ နေတယ်၊ အချိန်မရွေး သူတို့ကို အကူအညီတောင်းလို့ရတယ်၊ မိဖင်လည်း အိမ်မှာရှိနေတာပဲ"

မိချယ်က ဝတီ့ကို အားပေးနှုတ်သိမ့်ပြီး ညနေစောင်း ရောက်တော့ ပြန်သွားလေသည်။

ချယ်ရီပြန်သွားပြီး သိပ်မကြာခင်မှာပဲ လင်းသက် အိမ်သို့ ပြန်ရောက်လာသည်။

"ကို ဒီနေ့စောတယ်နော်၊ ချယ်ရီတောင် ခုပဲ ပြန်သွားတယ်"

"ဟုတ်လား . . . ကို လာအောင် စောင့်ပြီးမှပြန်လို့ ပြောလိုက်ပါ"

"မိုးတအားချုပ်နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ... ကိုယ် ရေချိုးမယ်"

လင်းသက်က အဝတ်အစားလဲပြီး ရေချိုးခန်းသို့ဝင်သွားသဖြင့် ဝတီလည်း အိပ်ခန်းထဲသို့ဝင်ကာ လင်းသက်ရေချိုးပြီးလျှင် ဝတ်ဖို့ အဝတ်အစား ထုတ်ထားလိုက်သည်။

ညနေ နေဝင်မိုးချုပ်အချိန်မို့ ဝတီလည်း အိပ်ခန်းပြတင်းပေါက်များကို လိုက်ပိတ်လိုက်ရာ ...

"ဟင်"

ခေါင်းရင်းအိမ်ခြံစည်းရိုးတွင် မတ်တတ်ရပ်၍ သူ့ကိုကြည့်နေသော အောင်မြိုင်ကို တွေ့လိုက်ရသည်။

ဝတီ ထိတ်လန့်တုန်လှုပ်စွာနှင့် လန့်ပြီး ပြတင်းပေါက်ကို ကျောခိုင်းကာ ရပ်နေလိုက်သည်။ ထိုစဉ် လင်းသက်က အခန်းထဲသို့ ဝင်လာတာနှင့် ဆုံသဖြင့် ...

"ဝတီ ... ဘာဖြစ်တာလဲ"

"ဟို ... ဟိုမှာ"

နောက်သို့ လှည့်မကြည့်ရဲဘဲ လက်မနှင့်ပြလိုက်သည်။

"ဘာလဲ ဝတီ ... ဖယ် ... ကို ကြည့်မယ်"

လင်းသက်က ဝတီ့ကိုဖယ်ပြီး ပြတင်းပေါက်မှ တစ်ဖက်ခြံသို့ ကြည့်လိုက်ရာ ...

"ဘာမှ မရှိပါဘူး"

"မဟုတ်ဘူး ... ရှိတယ် ... ဝတီ သေချာတွေ့လိုက်တာ"

"ခက်တော့တာပဲ ဝတီရယ် ... လာ ... လာကြည့် ... ဘာမှ မရှိဘူး"

ဝတီ့ပခုံးကို ကိုင်ကာ အသာအယာလှည့်၍ ပြတင်းပေါက်မှ ကြည့်လိုက်သည်။

"ဟင် ... ဘယ်ရောက်သွားပြီလဲ"

"ဝတီ စိတ်ထင်တာပါ၊ ဘာမှကို မရှိဘူး၊ ဝတီ့စိတ်ကကို ဖြစ်နေတာ၊ မှုးတော့မှားတော့မယ့်အချိန်မှာ ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထားပါ ... တခြား ထိတ်လန့်စရာ ဘာမှမတွေးနဲ့နော်"





"ဟင့် ဟင့် ဟင့်"

ဝတီက ကြမ်းပြင်သို့ထိုင်ချလိုက်ပြီး ရှိုက်ကြီးတငင် ငိုလေတော့သည်။ လင်းသက်က ...

"ဘာလို့ငိုတာလဲ ဝတီ ... ကို့ပြောတာ ဝတီ့အပေါ် လွန်သွားလို့လား"

"မဟုတ်ဘူး ... ဝတီ့ကိုယ်ဝတီ ဝမ်းနည်းလွန်းလို့ပါ၊ ဝတီလေ ဒီလောက် စိတ်ပျော့သူ မဟုတ်ပါဘူး ... ဝတီ ကိုအောင်မြိုင်ကို တကယ်တွေ့နေတာပါ၊ ဝတီ့ရဲ့မျက်လုံးထဲမှာ သူ့ရဲ့ ကြောက်စရာမျက်နှာကြီးကို စွဲနေတာ"

"ကဲ ... တိတ်တော့နော်၊ ထ ... ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့၊ သော်ကြာ မိုက်ထဲကကလေးက သူ့အမေငိုနေလို့ သူပါ လိုက်ငိုနေဦးမယ်"

ဝတီ့ကို ချော့မော့ပြီး အဝတ်အစားလဲကာ ထမင်းစားရန် အခန်းအပြင်သို့ ထွက်လာခဲ့သည်။

မိဖင်က ထမင်းစားခန်းတွင် အဆင်သင့်ပြင်ဆင်ပြီး စောင့်နေသည်။

"ဝတီ ... နောက်နေ့တွေ ကို့ကို ထမင်းစားမစောင့်နဲ့"

"ဘာလို့လဲ ကို"

"စောစောစားမှ အစာကြေမှာလေ၊ ပြီးရင် မိဖင်ကို ခေါ်ပြီး လမ်းလျှောက်၊ မိဖင် ... နှင့်အစ်မကို ဂရုစိုက်နော်"

"ဟုတ်ကဲ့"

သူတို့ ထမင်းစားဝိုင်းလေးက အဆင်ပြေစွာနှင့် သာယာစွာ စားသောက်နေတော့သည်။ သူတို့ကို အကြည့်စူးစူးနှင့် တစ်နေရာကနေ ကြည့်နေသူတစ်ဦးကတော့ ...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်၏

တမလွန်မေတ္တာတရား ကြီးမားပုံကို

မီးမဖွားမီ သိလိုက်ရတော့ . . .

အခန်း ( ၁၆ )

# ကိုယ်ဝန်လာကြည့်သူ

"အား . . . နာတယ် . . . ဗိုက်ထဲက တအားနာတာပဲ"

ဝတီရဲ့ မချိမဆံ့အော်သံကြောင့် ရေချိုးခန်းတွင် အဝတ်လျှော်နေသော မိဖင် ပြေး၍လာသည်။

"ဘာဖြစ်လို့လဲ မမ"

"အား . . . ဗိုက်ထဲက တအားနာတာပဲ မိဖင်ရယ်၊ နင့်အစ်ကိုဆီက် ဖုန်းသွားဆက်"

"ဖုန်းနံပါတ်"

"စာရွက်နဲ့ဘောပင် ယူလာခဲ့ . . . ငါ ရေးပေးလိုက်မယ်၊ ကျွင် ကျွတ် . . . အား . . . ပြီးရင် နော်ကူးကို သွားခေါ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

မိဖင်က စာရွက်တစ်ရွက်နှင့်ဘောပင်ကို ည္သေခန်းထဲမှပြေးယူ၍ ဝင်

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကို ပေးလိုက်သည်။ ဝတီက ဖုန်းနံပါတ်ကို ရေးပေးလိုက်ပြီး အခန်းထဲတွင် ဗိုက်နာလွန်း၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

အချိန်အတော်ကြာသည်အထိ မိဖင်က ပြန်မလာသေး။

'ရှပ် ‥ ရှပ် ‥ ရှပ်'

''ဟင်''

အခန်းအပြင်ဘက်က ထွက်လာသည့်ခြေသံကြောင့် ဗိုက်နာနေရင်းမှ ဝတီ လန့်လို့သွားသည်။

''ဘယ်သူလဲ''

တစ်ယောက်ယောက် အိမ်ထဲဝင်လာသည့်အသံမျိုး ကြား၍ လှမ်းမေးလိုက်ခြင်း ဖြစ်သည်။ အခန်းအပြင်ဘက်သို့လည်း မကြည့်ရဲ။

'ရှပ် ‥ ရှပ် ‥ ရှပ်'

ခြေသံက အခန်းဝအရောက်တွင် ငြိမ်သက်သွားပြီးမှ တစ်ဖန် ထပ်မံပေါ်လာသည်။

''အား ‥‥ နာလိုက်တာ''

လမ်းဆက်လျှောက်၍ မရနိုင်တော့ဘဲ ခုတင်နောက်တွင် ထိုင်လိုက်သည်။ ခြေသံကလည်း ဝေး၍ ဝေး၍ သွားလေသည်။

'ရှပ် ‥ ရှပ် ‥ ရှပ်'

ခြေသံက ထပ်၍ ထွက်လာပြန်သည်။ အခုတစ်ခါတော့ ကြည့်ချင်သည့်စိတ်တို့ ပေါ်လာတာကြောင့် အခန်းဝနားသို့ ဗိုက်နာနေသည့်ကြားက ထ၍သွားကြည့်လိုက်သည်။

''အောင်မယ်လေး''

အခန်းဝတွင် ရုတ်တရက် တွေ့လိုက်ရသည့်လူကြောင့် ဝတီ လန့်လို့သွားသည်။

''အစ်မ ‥‥ နော်ကူးလေ ‥‥ အစ်မ ဗိုက်နာနေတယ်ဆို''

''ဟုတ်တယ် ‥‥ ရုတ်တရက်ဆိုတော့ လန့်သွားတာ၊ နင်ကလည်း အသံမပေး၊ဘာမပေးနဲ့''





''မိဖင် မရှိဘူးလား''

''ဟင် ‥‥ နင့်ဆီ မိဖင်ကိုလွှတ်ပြီး ခေါ်ခိုင်းလိုက်တာလေ''

နော်ကူး ရုတ်တရက် ကြောင်သွားသည်။ ပြီးမှ ‥‥

''မဟုတ်ဘူး ‥‥ နော်ကူးကို ခမောက်ဆောင်းထားတဲ့လူတစ်ယောက် လာပြောတာ ‥‥ အစ်မ ခေါ်နေတယ်ဆိုလို့''

''ဟင် ‥‥ ငါ မလွှတ်လိုက်ပါဘူး''

''ကဲ ‥‥ အဲဒါတွေထား၊ ဆေးခန်းသွားဖို့ ဘာတွေယူမလဲ လိုအင်တာအကုန် နော်ကူးလုပ်ပေးမယ်''

နော်ကူးက သွက်လက်စွာနှင့် ဆေးခန်းသို့ယူသင့်သည်ဆိုသည့် ပစ္စည်းတချို့ကို ခြင်းထဲထည့်၍ အဆင်သင့်လုပ်ထားလိုက်သည်။

ခဏကြာတော့ မိဖင် အပြင်မှ ပြန်ရောက်လာသည်။

''ဦးသက်ဖုန်းကို ခေါ်တာ မရလို့ ကြာသွားတာ၊ အကြာကြီးခေါ်ရတယ်၊ မနော်ကူးက အိမ်မှာ ‥‥ ဟင်''

နော်ကူးကိုပါ တွေ့လိုက်၍ လန့်သွားသည်။

''မနော်ကူးက ဘယ်လိုရောက်နေတာလဲ''

''အဲဒါ အရေးမကြီးဘူး ‥‥ ကိုလင်းသက်က ဘာပြောလဲ''

''အခုချက်ချင်း ပြန်လာမယ်တဲ့''

''ပြီးရော ‥‥ နော်ကူးကို ဝိုင်းကူလိုက်''

''ဟုတ်''

ဝတီကတော့ ဗိုက်နာလွန်း၍ နေမထိထိုင်မသာ ဖြစ်လို့နေသည်။ တစ်နာရီနီးပါး ကြာသောအခါ လင်းသက် ပြန်ရောက်လို့လာသည်။

''ဝတီ ‥‥ ဗိုက်အရမ်းနာနေလား ‥‥ ဆေးခန်းသွားကြမယ်''

''အား ‥‥ ဘယ်လိုနာမှန်းကို မသိတာ''

''နော်ကူးနဲ့မိဖင် အိမ်တံခါးတွေ လိုက်ပိတ်၊ လိုအပ်တာတွေ အကုန်ယူပြီး ကားပေါ်တင်လိုက်ကြ''

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



လင်းသက်က ဝတီ့ကိုတွဲ၍ ကားပေါ်တင်ပေးလိုက်သည်။ နော်ကူးနှင့် မိဖင်က အိမ်တံခါးကို ပိတ်ပြီး ကားထဲသို့ ဝင်ထိုင်လိုက်သည်။

"အား . . . နာလိုက်တာ"

"အားတင်းထား ဝတီ . . . ဆေးခန်းကို ခဏလေးမောင်းရမှာ"

"အင်း"

လင်းသက်ကိုယ်တိုင်ကလည်း စိတ်လောလို့နေသည်။ ဝတီရဲ့ နာကျင်မှုကိုလည်း သနားလို့နေ၏။

"ကို . . . ကားကို ဖြည်းဖြည်းမောင်း"

ကားအရှိန်က များလွန်း၍ ဝတီက ဗိုက်နာနေရင်းမှပင် လှမ်း၍ သတိပေးရသည်။

"ဆောရီးကွာ . . . ကို အရမ်းစိတ်လောသွားတယ်"

ကားအရှိန်ကို လျှော့လိုက်ရင်း လင်းသက်က ပြောလိုက်သည်။ သိပ်မကြာခင်မှာပဲ ဆေးခန်းသို့ ရောက်လာသည်။ ဆေးခန်းရှိ သားဖွားမီးယပ် အထူးကုဆရာမမှ လိုအပ်သည့်စမ်းသပ်စစ်ဆေးမှုတို့ကို လုပ်ပြီး . . .

"ရှင့်အမျိုးသမီးက လိုအပ်တာထက် ပိုပြီး ဗိုက်နာနေတယ်၊ ဒီအတိုင်းမွေးလို့မရရင် ခွဲမွေးမှရမယ် . . . အချိန်တော့ စောင့်ရမယ်"

"ဒေါက်တာအဆင်ပြေသလို လုပ်ပါ၊ ကျွန်တော့်မိန်းမ ကျန်းမာဖို့ပဲ အရေးကြီးတယ်"

"ရှင်က မိန်းမကို တော်တော်ချစ်တာပဲ"

"ကျွန်တော့်မိန်းမက အရာရာကိုစွန့်ပြီး ကျွန်တော့်နောက် လိုက်ခဲ့တာပါ ဒေါက်တာရယ်"

ဆရာမက ဝတီ့ကို သီးသန့်ခန်းရှိခုတင်ပေါ်တွင် ထားပြီး အချိန်ကို စောင့်ခိုင်းထားပုံရသည်။ ဝတီကတော့ ဗိုက်နာလွန်းလှသဖြင့် ချွေးစေးများပင် ထွက်လို့လာသည်။

"ကို . . . ဝတီ ဗိုက်တအားနာတာပဲ"

"ဆရာဝန်ကြီးက ကြည့်စီစဉ်နေပါတယ်၊ ခဏနေရင် မွေးလို့ရတော့





မှာပါ"

"ကို . . . ဝတီ့မျက်လုံးထဲမှာ ကိုအောင်မြိုင်တို့ မြင်နေတယ်၊ သူ ဝတီ့ဆီ လာနေတယ်"

"ဟင်"

"ဝတီ ကြောက်တယ် . . . ကို ဝတီ့နားက ဘယ်မှမသွားနဲ့နော်"

"ဝတီရယ်"

ဝတီယောင်ရမ်း၍ ပြောချင်ရာတွေ ပြောလို့နေသည်။ လင်းသက်ကတော့ ဝတီလက်ကို ဆုပ်နယ်ပေးရင်း အနားမှာနေပေးသည်။ ဆရာဝန်က ထပ်ရောက်လာပြီး လိုအပ်တဲ့စစ်ဆေးမှုတို့ကို လုပ်၍ . . .

"ရှင့်အမျိုးသမီး သိပ်အားနည်းနေတယ်၊ အရမ်းတော့ စိတ်မပူပါနဲ့၊ လိုအပ်တာ လုပ်ပေးထားပါတယ်၊ ဟိုဘက်ခန်းကို ပို့တော့မယ်"

"ဟုတ်ကဲ့ ဒေါက်တာ"

"ကိုပါ လိုက်ခဲ့ သူတို့ ဝတီ့ကို ဘယ်ခေါ်သွားမလို့လဲ၊ ဝတီ ကိုအောင်မြိုင်ကို ကြောက်တယ်"

ဝတီက ထိတ်လန့်စွာ အော်ဟစ်လို့နေသည်။ ဆေးခန်းရှိ ဝန်ထမ်းတွေက ဝတီ့ကို လက်တွန်းလှည်းပေါ်တင်၍ သားဖွားခန်းသို့ ခေါ်သွားသည်။ လင်းသက်က . . .

"ဘာမှ အားမငယ်နဲ့ ဝတီ . . . ကို ဝတီ့နားမှာ အမြဲရှိနေမှာပါ"

'ဂျိမ်း'

သားဖွားခန်း၏ တံခါးက ပိတ်လို့သွားသည်။ တံခါးဝတွင် လင်းသက်၊ နော်ကူးနှင့် မိဖင်တို့က ဝတီ့ကို စိတ်ပူစွာနှင့် စောင့်နေကြသည်။

နော်ကူးက လင်းသက်အား . . .

"အစ်ကို . . . ဟိုဂါထာရလားဟင်"

"နင်ကလည်း အဆက်အစပ်မရှိ . . . ဘာဂါထာလဲ"

"ဟိုလေ . . . အင်္ဂုလိမာလသုတ်ဆိုလား"

"သြော် . . . အေး . . . ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းသက် သားဖွားရလွယ်စေသည့် အင်္ဂလိမာလာသုတ်ကို ရွတ်ဖတ်လေရာ အကြိမ်ဘယ်လောက်မှန်းပင် မရေတွက်နိုင်တော့။

အချိန်တွေကလည်း စောင့်ရတာကြာလွန်းသည်ဟု ထင်မိသည်။ မိဖင်လည်း ပါးစပ်ကလှုပ်လှုပ်နှင့် ဘာတွေရွတ်နေသည် မသိ။

နော်ကူးကတော့ အခန်းဝကို တကြည့်ကြည့်နှင့် လုပ်နေသည်။ အချိန်အတော်ကြာတော့ သားဖွားခန်း၏တံခါး ပွင့်လာသည်။

'ကျွီ'

''ဟင်''

အထဲမှ နပ်စ်မလေးတစ်ယောက် ထွက်လာပြီး ...

''ရှင့်အမျိုးသမီး ယောကျ်ားလေး မွေးတယ်''

''ဗျာ ... ဟုတ် ... ဟုတ်လား''

လင်းသက်က အတိုင်းမသိ ဝမ်းသာခြင်းနှင့်အတူ ကြည်နူးစိတ်က ရင်ထဲ လှိုက်တက်လို့သွားသည်။

''ကလေးရော မိခင်ပါ နေကောင်းပါတယ်၊ မိခင်က အရမ်းအားနည်းနေလို့ ချက်ချင်း အပြင်ထွက်ခွင့်မပြုသေးဘူးလို့ ဒေါက်တာက မှာလိုက်တယ်''

''ကျေးဇူးပါပဲ ဆရာမရယ်''

ဆရာမလေးက ပြောပြီး အခန်းထဲပြန်ဝင်သွားတော့ လင်းသက် သူ့သူငယ်ချင်းတွေဆီကို ဖုန်းဆက်ကာ ဝေဘီ သားယောကျ်ားလေးမွေးကြောင်း ပြောလိုက်သည်။

ချယ်ရီကဆိုလျှင် ...

''အခုလာခဲ့မယ် ကိုလင်းသက် ... ဝေဘီ နေကောင်းတယ်မဟုတ်လား''

''ကောင်းတယ် ... အားလုံး အိုကေပဲ''

''အခု လာမယ်''

ချယ်ရီက တစ်ကိုယ်တည်းသမားမို့ ချက်ချင်းလာဖို့ ပြင်ဆင်လိုက်





သည်။ လင်းသက် ပျော်လွန်း၍ ဖုန်းဆက်ပြောတာ ဘယ်နှစ်ယောက်မှန်းပင် မသိတော့။

အားလုံးကလည်း လှိုက်လှိုက်လှဲလှဲ ကျေနပ်ပီတိများစွာနှင့် ဆုမွန်ကောင်းတောင်းပေးကြသည်။

ရင်ထဲမှာ ပျော်တဲ့ အပျော်မြစ်တို့က သူ့ရင်တစ်ခုလုံးကို လှိုင်းတက်လို့ပင် နေလေတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

စိတ်ခွဲရာ ဘဝတောင်းမှ

ရောက်လာသည့်

တစ္ဆေတစ်ကောင်၏နိဒါန်း

## အခန်း ( ၁၅ )

## တစ္ဆေဝင်စားသူ

အခန်းထဲမှ တွန်းလှည်းဖြင့်ထွက်လာသည့် ဝတီနှင့် သူ့သားလေး ...ို ဝမ်းသာစွာနှင့် ပြေး၍ လင်းသက်ကြည့်လိုက်သည်။

"ဟင်"

အနီးထုပ်လေးထဲတွင် တွေ့ရသည့်ကလေးကြောင့် ဘယ်လိုမှ ေ... နိုင်အောင် ဖြစ်သွားသည်။ ဝန်ထမ်းတွေက သီးသန့်ခန်းထဲရှိ ခုတင်ဒ... ပြောင်းတင်ပေးပြီး ထွက်သွားကြသည်။

ဝတီကတော့ သတိရဟန် မတူသေး။ ကလေးကတော့ သူ့နံေ... တွင် ငြိမ်သက်စွာ အိပ်မောကျလို့နေသည်။ နော်ကူးနှင့် မိဖင်တို့က တစ်ယေ... မျက်နှာ တစ်ယောက်ကြည့်နေကြသည်။

"ဘယ်လို ဖြစ်တာလဲ"

ကလေး၏ပုံမှာ အသားမည်းမည်းနှင့် မျက်နှာပေါက်...



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာဆိုးလှပြီး အောင်မြင်နှင့် တစ်ထေရာတည်း သွားတူလို့နေသည်။

"အစ်ကို ... အစ်ကို့သားကို ချီလိုက်လေ"

"ဩော် ... အေး"

နော်ကူးက သတိပေးလိုက်မှ အသိဝင်လာပြီး ကလေးကို ပွေ့ချီ လိုက်သည်။ မိဖင်က ဘေးနားမှကလေးကို အနီးကပ်ကြည့်ပြီး ...

"ဟို ... ဟိုဘက်ခြံက လူကြီးနဲ့ တအားတူတာပဲ"

မိဖင်၏ လွှတ်ခနဲစကားကို နော်ကူးက လက်ကုတ်၍ သတိပေးလိုက် သည်။

"ချောပါတယ် မိဖင်ရဲ့ ... အစ်ကိုနဲ့ရော အစ်မနဲ့ပါ ဆင်တယ်"

"အင်း"

လင်းသက်က စိတ်မပါစွာ ခေါင်းကိုညိတ်လိုက်၏။ နော်ကူးက ဆက် ပြီး ...

"အသားအရော ယ်သေးတော့ မှန်းရခက်တယ်၊ နှစ်လ,သုံးလမှ သိသာတာ အစ်ကိုရဲ့"

နော်ကူးက စိတ်ချမ်းသာအောင်ပြောနေမှန်း လင်းသက်သိသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့သားသမီးမို့ တစ်ချက်နမ်းလိုက်ပြီး ဝတီ့ဘေးတွင် ပြန် ချထားလိုက်သည်။

စိတ်ထဲ၌လည်း မတင်မကျ ဖြစ်နေတာမို့ ...

"နင်တို့အစ်မကို ကြည့်ထားဦး ... ငါ ဒေါက်တာနဲ့ သွားတွေ့လိုက် ဦးမယ်"

"ဟုတ်ကဲ့"

လင်းသက်က ဆရာဝန်ထိုင်သည့်ရုံးခန်းသို့ ထွက်လာပြီး အဆင်သင့် တွေ့တာနှင့် ...

"ကျွန်တော် ဒေါက်တာနဲ့ ဆွေးနွေးစရာရှိလို့ပါ"

"ဟုတ်ကဲ့ ... ထိုင်ပါရှင်"

လင်းသက် ဆရာဝန်စားပွဲရှေ့က ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ...





"ကျွန်တော်က ခုနက သားဖွားတဲ့ ဝေါ်ဒ်ရှိခဲ့တဲ့ ..."

"ဟုတ်ကဲ့ ... ဘာပြောချင်တာလဲ ... ရှင်းရှင်းလင်းလင်း ပြောပါ"

"အခု ဝတီမွေးတဲ့ကလေးက ကျွန်တော်တို့ [illegible] ဟုတ်ရဲ့လား ဒေါက်တာ ... ကလေးများ မှားသွားလား"

ဆရာဝန်မက တစ်ချက်ပြုံးလိုက်ပြီး ...

"ကလေးမမှားပါဘူး ... ရှင့်အမျိုးသမီးတစ်ယောက်ပဲ ဒီဆေးခန်း မှာ ဒီနေ့ မွေးတာလေ"

"ဟိုလေ ... ကလေးရဲ့ရုပ်ရည်နဲ့ အသားရောင်က ..."

"ကျွန်မတို့လည်း ပထမတော့ အံ့သြကြပါတယ်၊ ဒါပေမဲ့ တစ်ခါ တလေ ဖြစ်တတ်တာတွေ ရှိပါတယ်၊ ရှင် နားလည်အောင် ..."

ဆရာဝန်မက စဉ်းစားလိုက်ပြီး ...

"ဥပမာ ... မြန်မာမိဘနှစ်ပါးကနေ အင်္ဂလိပ်ပုံ ကလေးမွေးတာတို့ ကုလားလေးမွေးတာတို့ ရှိတာပဲ၊ အရပ်အခေါ်တော့ ဝင်စားတာပေါ့ရှင် နောက်တစ်ဖက်က ပြန်ကြည့်ရင် စိတ်ရဲ့အစွဲတွေပေါ့"

"ကျွန်တော် မယုံနိုင်ဘူး ဒေါက်တာရယ်"

"ရှင့်ကို ကျွန်မပြောချင်တာက ရှင့်အမျိုးသမီးရဲ့ ရင်သွေးဟာ ရှင့် ရင်သွေးပါ၊ ဒါကြောင့် မိဘရဲ့မေတ္တာစိတ်ဟာ တရုတ်လေးပဲဖြစ်ဖြစ်, ကုလား လေးပဲဖြစ်ဖြစ်, ကပ္ပလီလေးပဲဖြစ်ဖြစ် ချစ်ရမှာပဲလေ"

"ဟုတ်ကဲ့ပါ ဒေါက်တာရယ်"

ဆရာဝန်မကို ပြောပြီး အခန်းထဲမှပြန်ထွက်ကာ ဝတီတို့သားအမိ အခန်းသို့ ပြန်လာခဲ့သည်။

အခန်းထဲရောက်တော့ ချယ်ရီက ကလေးကိုပွေ့ချီထားသည်။

"ကိုလင်းသက်သားက ဖအေတူလေးပဲ"

"မနောက်ပါနဲ့ ချယ်ရီရယ်"

ချယ်ရီ ဘာမှမပြောတော့။ သူ့ရင်မှာ ဘယ်လိုခံစားရမလဲဆိုတာ နားလည်ပုံလည်း ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတီ့သေးမှထိုင်ခုံတွင် ထိုင်၍ ဝတီ သတိရလာမည့်အချိန်ကို စောင့်နေလိုက်သည်။ ချယ်ရီကတော့ ကလေးကိုပွေ့ပိုက်ပြီး လျှောက်သို့နေသည်။

"အင်း . . အင်း"

"ဟင် . . . ဝတီ သတိရလာပြီ"

လင်းသက် ဝမ်းသာစွာနှင့် ဝတီ့ကို . . .

"ဝတီ . . . သတိရလာပြီလား . . . ကို ဝတီ့နားမှာ ရှိတယ်"

"မူးတယ် ကိုရယ်"

"မူးရင် မျက်စိမှိတ်ထား . . . မဖွင့်နဲ့ . . . ငြိမ်ငြိမ်နေ"

ဝတီက လင်းသက်ပြောသည့်အတိုင်း မျက်လုံးကိုမှိတ်ထားရင်းမှ . .

"ကိုယ် ဝတီ့တို့ကလေးရော"

"ရှိတယ် ဝတီ . . . ယောက်ျားလေးမွေးတာ . . . ချစ်စရာကြီး ဝတီရဲ့"

"ဟုတ်လား . . . ဝတီကြည့်ချင်လိုက်တာ"

လင်းသက် ကလေးချီထားသော ချယ်ရီကို မျက်ရိပ်ပြ၍ ခေါ်လိုက်သည်။

"ဒီမှာလေ . . . ဝတီ့သားလေး"

ဝတီက မျက်လုံးကို တဖြည်းဖြည်းချင်းဖွင့်၍ ကလေးကို ကြည့်လိုက်သည်။

"ဟင် . . . ဒါ . . . ဒါ . . . ဝတီ့သား . . . ဟုတ်လား"

"ဟုတ်ပါတယ် . . . ကိုယ်တို့သားလေ . . . ငယ်သေးလို့ပါ"

"မဖြစ်နိုင်ဘူး . . . ကို ဝတီ့ကို မညာပါနဲ့"

ဝတီက လွန်စွာ ထိတ်လန့်နေသည်။ ကလေးရဲ့ပုံသဏ္ဌာန်နှင့် မျက်နှာပေါက်မှာ ကိုအောင်မြိုင်နှင့် လုံးဝကို ချွတ်စွတ်တူနေသည်။

ထိုအချိန်တွင် . . .

"အူဝဲ အူဝဲ"

ကလေးက ထငိုလေရာ . . .

"ဝတီ . . . နို့တိုက်လိုက် . . . ကလေးငိုနေပြီ"





ချယ်ရီက ပြောလိုက်သည်။ ဝတီက . . .

"မတိုက်ဘူး . . . ဒါ ငါ့ကလေး မဟုတ်ဘူး"

"အူဝဲ အူဝဲ"

လင်းသက် ဘာလုပ်ရမှန်းမသိတော့။ ဝတီကလည်း နို့တိုက်ဖို့ကို အကြောက်အကန် ငြင်းနေသည်။

လင်းသက်က . . .

"တိုက်လိုက်ပါ ဝတီ၊ ကလေးက ဝမ်းကကျွတ်ကတည်းက နို့မစို့ရသေးဘူးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တို့သားလေးပဲ"

ဝတီ ဘယ်လိုသဘောပေါက်သွားသည် မသိ။ ကလေးကို ချယ်ရီ့လက်က ပွေ့ယူ၍ နို့ကို လှန်တိုက်လိုက်လေသည်။

ကလေးကလည်း နို့ကို အငမ်းမရစို့လို့နေသည်။ အတန်ကြာအောင် စို့ပြီးတော့ ဝသွား၍ထင်သည် . . . ငြိမ်၍ အိပ်ပျော်သွား၏။

ဝတီ့မျက်လုံးထဲက မျက်ရည်တွေက ပါးပေါ်သို့ စီးကျလို့လာသည်။

"ဝတီ . . . ဘာလို့ငိုတာလဲ . . . ဒီအချိန်က ကိုတို့ဝမ်းသာရမယ့် အချိန်လေ"

"ကိုရယ် . . . ကို့ရင်မှာ ဘယ်လိုရှိမလဲ . . . ဝတီသိပါတယ်၊ ကိုက ဝတီစိတ်ချမ်းသာအောင် အမြဲပြောတယ်"

"ဝတီက ကို ဝတီ့အပေါ် သံသယစိတ်ရှိမယ် ထင်လို့လား၊ အဲဒီ အတွေးရှိရင် ဝတီ့ခေါင်းထဲက ထုတ်လိုက်၊ ကိုတို့ကလေးကို အကောင်းဆုံး ဖြစ်အောင် ပြုစုပေးကြမယ်"

"ကိုရယ်"

ဝတီ့မျက်ရည်တွေက ပါးပေါ်သို့ အဆက်မပြတ် စီးကျလို့နေဆဲပါပဲ။ အဲဒီမျက်ရည်တွေက နားလည်တတ်လွန်းသည့် ခင်ပွန်းသည်အတွက် ကျတဲ့ မျက်ရည်တွေပဲ ဖြစ်တော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

သားကို သရဲထင်၍

နှိမ့်တိုက်ချင်သည့် မိခင်၏ကြောက်စိတ်၊

အသက်မသေဘဲ နိုးထလာသည့်

ငိညှာခ်၏ ဧစာနာ

## အခန်း ( ၁၈ )

## မေတ္တာမရသူ

လင်းသက်က ဝတီ့အပေါ် ဂရုစိုက်သလို သူ့သားလေးအပေါ်၌လည်း လွန်စွာ အချစ်ပိုသည်။ ကလေး၏နာမည်ကိုလည်း ''လင်းချို'' ဟု ပေးထားသည်။

ဝတီကတော့ လင်းချိုလေးကို နို့တိုက်တာမှလွဲ၍ တခြားဝေယျာဝစ္စဘာမှလုပ်ပေးလေ့ မရှိ။ သူ့ကိုယ်တိုင်လည်း အရင်လို စကားသိပ်မပြောတော့။

ကလေးဝေယျာဝစ္စအတွက် မိဇင်တို့အညာမှ မိဇင်နှင့် ဆွေမျိုးမကင်းသည့် ဒေါ်ပန်းသာဆိုသည့် အဒေါ်ကြီးတစ်ယောက်ကို ခေါ်ထားသည်။

လင်းချိုလေးရုပ်ရည်က တဖြည်းဖြည်းနှင့် အောင်မြင်နှင့် ပို၍တူလာသည်။ တစ်နှစ်ပြည့်သောအခါ ဝတီက လင်းချိုလေးကို နို့ဖြတ်လိုက်သည်။

ထိုအခါ လင်းချိုလေးက ဒေါ်ပန်းသာနှင့်သာ အနေများပြီး ညအိပ်လျှင်တောင် ဒေါ်ပန်းသာနှင့် အိပ်တော့သည်။ ဝတီ လင်းချိုအပေါ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားကို လင်းသက်က မကြိုက်တာမို့ ...

"ဝတီကလည်းကွာ ... ကိုယ့်သားသမီးကို စိမ်းလွန်းနေတယ် ... ကလေးမှာ ဘာအပြစ်ရှိလို့လဲ"

"အပြစ်က ကိုအောင်မြိုင်ရုပ်နဲ့ တူနေလို့ပဲ၊ ပြီးတော့ ဝတီ သူ့မျက်နှာမြင်ရင် ကြောက်တယ်"

"ဝတီ ဝမ်းကလွယ်မွေးတဲ့ ကလေးလေ"

"ဟင့်အင်း ... ဝတီ ကြောက်ကိုကြောက်နေတာ"

လင်းသက် အတော့်ကို စိတ်ဓာတ်ကျသွားသည်။ ဝတီက မိခင်မေတ္တာ မရှိ၍ မဟုတ်ချေ။ နွေးထွေးမှုမရှိခြင်းနှင့် ကြောက်နေခြင်းပဲ ဖြစ်သည်။

ဝတီ့ရဲ့ပုံစံကလည်း အရင်လို ပြင်ပြင်ဆင်ဆင်နှင့် မနေတော့။ တစ်ယောက်တည်းနေလေ့ရှိတာကြောင့်လည်း တက်ကြွသည့်ဟန် မရှိတော့တာ ဖြစ်သည်။

တစ်ခါတလေ အိပ်ခန်းပြတင်းပေါက်မှ ခေါင်းရင်းခြံက အိမ်မည်းကြီးဆီသို့ ငေးနေတတ်သည်။

ထိုကဲ့သို့ အခြေအနေဖြစ်နေတာမို့ လင်းသက်က အကြိမ်ကြိမ် အားပေးနှစ်သိမ့်သော်လည်း အခြေအနေက ဘယ်လိုမှတိုး၍မလာ။

လင်းချိုလေး သုံးနှစ်ကျော်အရွယ်သို့ တဖြည်းဖြည်းရောက်လာသည်။

"သားရေ ... ဖေဖေ အလုပ်က ပြန်လာပြီ"

လင်းသက်ရဲ့အသံကို ကြားတာနှင့် လင်းချိုလေးက ဒေါ်ပန်းသာလက်ထဲကနေ လင်းသက်ဆီသို့ ပြေးလာသည်။

"ဖေဖေ ... သားအတွက် မုန့်ပါလား"

"ပါတာပေါ့သားရဲ့၊ သားအတွက်တင်မဟုတ်ဘူး ... မေမေ့အတွက်ပါ ပါတယ်၊ သားတို့သားအမိ အတူတူ စားကြပေါ့"

"မေမေက သားနဲ့စားမှာ မဟုတ်ဘူး ဖေဖေ"

"ဟေ"

"မေမေက သားကိုကြောက်တယ်တဲ့"





"ဟင်"

လင်းသက် သူ့သားအတွက် အတော်ကို စိတ်မကောင်းဖြစ်သွားသည်။ မိခင်ရှိပါလျက်နှင့် မိခင်ရဲ့မေတ္တာကို မရရှာတာမို့ ရုပ်ဆိုးလှသည့်သားကို ပို၍ ကရုဏာဖြစ်မိသည်။

"သားမေမေက သားကို ချစ်ပါတယ်၊ သူက နေမကောင်းတော့ သားကို အနားအကပ်မခံတာပါ"

"မေမေ နေကောင်းတယ်၊ နွေခင်းကတောင် ရေချိုးနေသေးတယ်"

"သူ့ရောဂါက ရေချိုးလို့ရတယ်"

"သား နေမကောင်းဖြစ်တာ ရေမချိုးရဘူး"

လင်းသက် ဘယ်လိုဖြေရမှန်း မသိ။ ထိုစဉ် ...

"ကို အလုပ်က ပြန်လာပြီလား"

"အေး ... လာလေကွာ၊ သားနဲ့ စကားပြောနေတာ၊ ဝတီတို့သားအမိအတွက် နို့ပူတင်းဝယ်လာတယ်"

"သူ့အတွက် ပေးထားလိုက် ... ဝတီ သူနဲ့အတူ မစားချင်ဘူး"

"ဟင်"

လင်းချိုလေးက ဒေါ်ပန်းသာရင်ခွင်ဆီသို့ ပြေးသွားပြီး ဖက်ထားလိုက်သည်။ ဝတီ့ကို ကြောက်တာလည်း ဖြစ်သည်။

"သား ... ဖေဖေ ပြီးမှပြန်လာမယ်"

လင်းသက်စကားကို လင်းချိုလေးက ငိုမဲ့မဲ့နှင့် ခေါင်းညိတ်ပြလိုက်သည်။

"ဝတီရယ် ... သား စိတ်မကောင်းဖြစ်သွားတယ်နဲ့ တူတယ်၊ သနားပါတယ်ကွာ"

"သူ့ဘာသာ ဘာပဲဖြစ်ဖြစ် ... ဝတီ စိတ်မဝင်စားဘူး"

ခပ်ဆောင့်ဆောင့်ပြော၍ အိပ်ခန်းထဲသို့ ဝင်သွားလေတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲကွာ ... ငါ ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး။ ဝတီ့ကို လည်း ငါ ဘယ်လိုနားလည်ရမလဲ"

လင်းသက် သီဟနှင့် ချယ်ရီတို့ခေါ်၍ စားသောက်ဆိုင်တစ်ဆိုင်တွင် ထိုင်ပြီး ဝတီနှင့် လင်းချိုတို့ ဖြစ်နေကြပုံကို ပြောပြလိုက်သည်။

ချယ်ရီက ...

"ချယ်ရီ ဝတီ့ကို နားမလည်တာ ကလေးမွေးမွေးချင်း ဆေးခန်းကို လာကတည်းကပါ။ သူ့ပုံစံက မိခင်စိတ်ထက် ကြောက်စိတ်က ပိုများနေသလို ပဲ"

"လင်းသက် ... မင်း စိတ်မဆိုးနဲ့နော်"

"ပြောမှာသာ ပြောစမ်းပါ သီဟရယ်"

"ဝတီ့မှာ စိတ်ရောဂါနဲ့ပတ်သက်တဲ့ ဝေဒနာတစ်ခုခု ရှိနေလိမ့်မယ်"

သီဟက စာဖတ်သူပီပီ သူသိတာကို ပြောခြင်းဖြစ်သည်၊ လင်းသက် ကတော့ ...

"ငါ့သားကိစ္စကလွဲရင် ကျန်တဲ့ကိစ္စတွေမှာတော့ ပုံမှန်ပဲကွာ"

"စိတ်ရောဂါဆိုတာ အမျိုးမျိုးရှိတာပဲ"

ချယ်ရီကပါ ဝင်ပြီး ...

"ဟုတ်တယ် ကိုလင်းသက် ... ဝတီ့ကို စိတ်ရောဂါကုဆရာဝန် တစ်ယောက်ယောက်နဲ့ စမ်းသပ်ကြည့်ပါလား"

"ငါလည်း ဘယ်လိုမှ မပြောတတ်တော့ဘူး။ မင်းတို့ အကြံပေးတာကို ကျေးဇူးတင်ပါတယ်၊ လိုအပ်ရင်တော့ ပြလိုက်ပါ့မယ်"

"ပြလိုက်မယ်မလုပ်နဲ့ လင်းသက် ... ပြကို ပြလိုက်၊ အခြေအနေ ဒီထက်ပိုဆိုးရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်"

"အေးပါကွာ"

ထိုစဉ် သူတို့ထိုင်နေသည့်ဝိုင်းကို ကျောပေး၍ထိုင်နေသည့် လူတစ်ဦး





က သူတို့စကားကို နားစွင့်နေပုံရသည်ဟု လင်းသက်က သံသယရှိ၍ စကား လမ်းကြောင်းကို ပြောင်း၍ပြောလိုက်သည်။

"ချယ်ရီ ... နင်လည်း အပျိုကြီးမလုပ်နဲ့နော်၊ ယောက်ျားမယူဘဲနဲ့ မနေနဲ့"

"အောင်မယ်လေး ... ဒီအတိုင်းနေတာမှ ကောင်းသား၊ ယောက်ျား ယူလိုက်ပြီး ကိုလင်းသက်တို့လို ကိုအောင်မြင့်နဲ့တူတာလေး မွေးမလာဘဲ ကွမ်းယာရောင်းတဲ့ ကုလားလေးမွေးလာမှ ဒုက္ခရောက်နေပါ့မယ်"

"နင်ကလည်းဟာ"

လင်းသက်မျက်နှာ တစ်ချက်ပျက်သွားသည်။ သူတို့ကို ကျောပေး ထိုင်နေသူက ရုတ်တရက် မျက်နှာကို သူတို့ဘက်လှည့်လိုက်ရာ အားလုံး အံ့ဩတုန်လှုပ်သွားလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

# တစ္ဆေနှင်သည့်အိမ်

"မိဖင်ရေ . . . မိဖင်"

"ရှင် မမ . . . လာပါပြီ"

ဝတီခေါ်ရာသို့ မိဖင်က အပြေးရောက်လာပြီး . . .

"ဘာခိုင်းမလို့လဲ မမ"

ဝတီက သူရပ်နေသည့် အိပ်ခန်းပြတင်းပေါက်ကနေ တစ်ဖက်ခြံကို လက်ညှိုးထိုးပြသည်။

"ဟင် . . . ဟို . . . တစ္ဆေမွေးပြန်ပြီလား မသိဘူး မမ"

"လာ . . . သွားနားထောင်ကြည့်မယ်"

ဝတီက စိတ်လိုလက်ရ အတင်းခေါ်တာမို့ ခြံထဲသို့ဆင်းကာ ဝါးရုံပင်များကြားကနေ ကြည့်လိုက်သည်။

"ဒီခြံ, ဒီဝန်းကျင်မှာရှိတဲ့ သံရဲ တစ္ဆေ နာနာဘာဝတွေ . . . သင်တို့





လည်း ဒီမှာနေတာ နှစ်တွေကြာနေပြီမို့ တခြားတစ်နေရာကို သွားကြတော့၊ သင်တို့ကိုလည်း အိမ်ကြီးမှာ နေခွင့်မပြုနိုင်၊ အဝေးသို့ နှင်လိုက်သည်"

နတ်ခမ်းမွေးနှင့်လူကြီးက မာန်ပါပါနှင့်ပြောဆိုနေသည်ကို ဝတီနှင့် မိဖင်တို့ နားထောင်နေရင်းမှ အဓိပ္ပာယ်ပါပါ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

"အို မောင်အောင်မြိုင် . . . သင်လည်း သွားလိုရာသွားပါတော့၊ ဒီခြံ ဒီအိမ်ကြီးမှာ မနေနှင့်တော့၊ သင့်ကိုလည်း အပြီးနှင်လိုက်သည်"

"ဟီး"

အိမ်ကြီးဆီမှ ထွက်ပေါ်လာသည့်ငိုသံကြီးကို ပီသစွာ ကြားလိုက်ရ၍ ဝတီနှင့် မိဖင်တို့နှစ်ယောက် တုန်လို့သွားသည်။

စိတ်ထဲတွင် ထိတ်လန့်သလိုဖြစ်ပေမယ့် အလိုလိုတော့ ကျေနပ်လိုက်သည်။

အောင်မြိုင် မရှိတော့။ သူ့ကို အမြဲခြောက်လှန့်နေသော အောင်မြိုင် မရှိတော့။

ဝတီ လှပစွာ ပြုံးလိုက်ပြီး . . .

"လာ မိဖင် . . . ပြန်မယ်"

"ဆက်မကြည့်တော့ဘူးလား"

"ထားလိုက်ပါ၊ အခု သရဲမွေးတာ မဟုတ်ဘူး . . . နှင်နေတာ"

"နှင်နေတာ . . . ဟုတ်လား မမ"

"ဟုတ်တယ်"

မိဖင်လည်း ဝတီနှင့်အတူ အိမ်ပေါ်ပြန်တက်လာသည်။ အိမ်ပေါ် ရောက်တော့ ဝတီက . . .

"ပရိတ်သဲ သွားယူ . . . တစ်ခြံလုံး လိုက်ပက်မယ်၊ ဒါမှ ဒင် မလာနိုင်မှာ"

မိဖင်က ဘုရားခန်းမှ ပရိတ်သဲထည့်ထားသည့် လင်ဗန်းယူလာပြီး ဝတီ့ကိုပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတီက အိမ်အောက်ဆင်းပြီး ခြံထဲတွင် ပရိတ်သဲကို လိုက်ပက်လိုက်သည်။

ထိုအချိန်တွင် . . .

ခြံထဲသို့ လူတစ်ဦး ပြေးလွှိုက်ဝင်လာသည်။ ဝတီ့အနား ရောက်ခါနီးတွင် ဝတီ သေချာမြင်ရတာကြောင့် . . .

"ဟာ . . . သ . . . သရဲ . . . ကို . . . ကိုအောင်မြိုင်"

အော်လျက် အိမ်ပေါ်သို့ ထက်ပြေးသည်။ ညှော်ခန်းထဲတွင် အလုပ်သွားသည်ဆိုသည့် လင်းသက်၊ သီဟနှင့် ချယ်ရီတို့ကိုတွေ့ရ၍ အံ့ဩသွားသည်။

"ကို . . . ဟိုမှာ သရဲကိုအောင်မြိုင် လာနေပြီ"

ဝတီက လင်းသက်နားသို့ အတင်းပြေးကပ်ပြီးပြောလေရာ ကိုအောင်မြိုင်က . . .

"အစ်ကိုကြီးက သရဲမဟုတ်ပါဘူး ဝတီ . . . လူပါ"

"ရှင်"

"အစ်ကိုကြီးကို ခွင့်လွှတ်ပါ၊ စေ့စပ်ပွဲ ဖျက်ခဲ့တာနဲ့ပတ်သက်ပြီး ဝတီ့ကိုစိတ်ဆိုးလို့ ခေါင်းရင်းခြံကို ဝယ်ပြီး ဝတီထိတ်လန့်အောင် လုပ်ခဲ့တာပါ"

"ဒါဆို"

"ဟုတ်ပါတယ် . . . ဝတီတို့ခြံရှေ့မှာ ကားချင်းတိုက်ပေမယ့် ကံကောင်းပြီး မသေတဲ့အပြင် ရုပ်ဆိုးပါတယ်ဆိုမှ ပိုဆိုးသွားတယ်လေ"

ထိုအချိန်တွင် ညှော်ခန်းထဲသို့ ဒေါ်ပန်းသာဝင်လာပြီး

"မောင်လင်းသက် . . . လင်းချိုလေး မရှိတော့ဘူး။ ခြံထဲမှာရော၊ အိမ်ထဲမှာပါ မတွေ့ဘူး"

"ဟာ . . . ဘယ်လိုလုပ်မလဲ"

အားလုံး တစ်ယောက်တစ်ပေါက်ဖြစ်နေစဉ် ဝတီ ရုတ်တရက် ညှော်ခန်းထဲမှ ပြေးထွက်သွားသဖြင့် အားလုံးက နောက်မှ ပြေးလိုက်သွားကြသည်။

ဝတီက ခြံအပြင်ဘက် ကားလမ်းမတစ်လျှောက် မရပ်မနားပြေးရင်း





. . .

"သားရေ . . . လင်းချို"

"သားရေ . . . လင်းချို"

အော်ခေါ်လိုက်ရာ အတော်ဝေးဝေး ကားလမ်းတစ်ဖက်မှ ဝတီ့ခေါ်သံကို လင်းချိုလေးကြားသွားပြီး . . .

"မေ မေ"

ထိုစဉ် အရှိန်ပြင်းပြင်းနှင့် ဆလွန်းကားတစ်စီး ဝတီ့မျက်လုံးထဲ ပေါ်လာသဖြင့် . . .

"သား . . . မလာနဲ့"

အော်လျက် ကားတိုက်ခံရရန်ဆဲဆဲ ဖြစ်နေသည့် လင်းချိုလေးကို ကားလမ်းဘေးကို တွန်းချလိုက်ရာ နှစ်ယောက်သား ကံကောင်းစွာ လမ်းဘေးသို့ ရောက်သွားတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

"အင်း အင်း"

ခေါင်းတွင် အနည်းငယ် ထိခိုက်မိသဖြင့် သတိလစ် မေ့မြောနေရာမှ ဝတီ သတိရလာသည်။

"ဝတီ . . . သတိရလာပြီလား"

"အင်း . . . ရှုပ္ပီ ကို . . . သားရောဟင်"

"ရှိပါတယ်ဗျာ . . . ခင်ဗျားသား ခင်ဗျားဘေးနားမှာပါ"

ဝတီ လင်းသက်ဘေးသို့ ကြည့်လိုက်၏။

"မေမေ . . . သား ဒီမှာလေ"

"သားရယ်"

ဝတီက သားဖြစ်တဲ့ လင်းချိုလေး၏ပခုံးကို ဆွဲကိုင်ကာ သူ သိပ် ကြောက်ပါသည်ဆိုသည့် မျက်နှာလေးကို ရင်ခွင်ထဲ ထည့်ထားလိုက်၏။

အခုတော့ . . . သူ့မှာ ကြောက်စိတ်မရှိတော့ဘဲ မိခင်မေတ္တာသာ ရှိလေတော့သည်။

ပြီး

ကန့်လေးရိုးက ဖွားလောက်ကြီး
ဝေဖန်အကြံပြုစာ မျှော်လင့်လျက်
ဖုန်း - ၀၁ - ၄၀၁၃၆၄

www.burmeseclassic.com